
http://www.dhammadownload.com

# နေမဝင်ခင် ရိက္ခာပြင်

သာမဏေကျော်




COVER:ZAW MONG

နေမဝင်ခင်ရိက္ခာပြင် သာမဏေကျော်

# နေမဝင်ခင် ရိက္ခာပြင်

သာမဏေကျော်



http://www.dhammadownload.com

သာမဏေကျော်

# နေမဝင်ခင် ရိက္ခာပြင်

ပါရမီ
စာပေ

http://www.dhammadownload.com

**နေမဝင်ခင် ရိုက္ခာပြင်**
ပထမအကြိမ်၊ ၂၀၀၀ ပြည့်နှစ် ဩဂုတ်၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ ဇော်မောင်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၇၆/၂၀၀၀(၈)နှင့် စာမူခွင့်ပြုချက်
အမှတ် ၅၂၅/၂၀၀၀(၇)တို့အရ ဦးတင်ရိန်(၀၃၇၆၃)
စန်းရောင်ရိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊
မြောက်ဥက္ကလာပ ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို
ဒေါ်ခင်ခင်ဝင်း (၀၂၆၇၀)၊ ကလျာအော့ဖ်ဆက်၊ ၁၅၂၊
ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

**တန်ဖိုး ၆၀၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂ /၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

http://www.dhammadownload.com

# မာတိကာ


၁။ မြွေနဲ့တုတ် ၇
၂။ ထက်မြက်တဲ့ မရဏသတိ ၈
၃။ ဦးခေါင်းမီးလောင်ခံရသူပမာ ၁၀
၄။ သေခြင်းရဲ့ အကျိုးနဲ့အကြောင်း ၁၂
၅။ သေမင်းလာမယ် ၁၃
၆။ မြစ်ရေ ၁၄
၇။ အရိပ် ၁၅
၈။ အိုး ၁၆
၉။ တောင်ကြီး ၁၇
၁၀။ နေရာမရှိ ၁၈
၁၁။ သေရမှာမကြောက်သူများ ၁၈
၁၂။ နွားကျောင်းသား ၁၉
၁၃။ မငိုကြသူများ ၁၉
၁၄။ ဘဝပေါင်းတစ်သောင်းလေးထောင် ၂၇
၁၅။ သမုဒ္ဒရာရေနဲ့ မျက်ရည် ၂၉
၁၆။ ရှင်လျက်သေသူ ၃၁
၁၇။ သေခါနီးနဲ့ သားသမီး ၃၂
၁၈။ ဘုရားရှင်နဲ့ ရှင်တိဿ ၃၃
၁၉။ အသုံးမဝင်တဲ့ထင်း ၃၄
၂၀။ မေ့မောသူနဲ့ သေမင်း ၃၅

http://www.dhammadownload.com




| | | |
|---|---|---|
| ၂၀။ | ပန်း | ၃၇ |
| ၂၁။ | မာန် | ၃၈ |
| ၂၂။ | မြား | ၃၉ |
| ၂၃။ | အသေကောင်း | ၄၀ |
| ၂၄။ | ကျွန်း | ၄၁ |
| ၂၅။ | ဘေး | ၄၂ |
| ၂၆။ | အိမ် | ၄၂ |
| ၂၇။ | ယမမင်းနဲ့ သေမင်းတမန် | ၄၃ |
| ၂၈။ | အသင်တို့လည်း ကျွန်တော့လိုပဲ | ၄၄ |
| ၂၉။ | အဝတ် | ၄၅ |
| ၃၀။ | ယမမင်းအား အမျှဝေ | ၄၆ |
| ၃၁။ | ပုထုဇဉ်နဲ့မာန် | ၄၇ |
| ၃၂။ | သေခြင်းကို ဘယ်လိုနှလုံးသွင်းမယ် | ၄၈ |
| ၃၃။ | အောက်မေ့ရန် အခြင်းအရာ ၈ မျိုး | ၄၉ |
| ၃၄။ | မှို | ၅၀ |
| ၃၅။ | နေနဲ့မြစ်ရေ | ၅၁ |
| ၃၆။ | နှင်းပေါက် | ၅၁ |
| ၃၇။ | အသောကရဲ့သောက | ၅၂ |
| ၃၈။ | ငါက ဘာမို့လဲ | ၅၃ |
| ၃၉။ | အများနဲ့ဆက်ဆံတယ် | ၅၃ |
| ၄၀။ | အားမရှိဘူး | ၅၄ |
| ၄၁။ | မသိနိုင်တဲ့အရာ ၅ ခု | ၅၅ |
| ၄၂။ | မရဏာဿတိရဲ့စွမ်းအား | ၅၇ |

http://www.dhammadownload.com



၄၄။ အရကဆရာကြီးရဲ့ အဆုံးအမ ၃၈
၄၅။ ဘုရားရှင်ရဲ့ ရှင်းပြချက် ၃၉
၄၆။ အသက်ရဲ့ အမြန်နှုန်း ၆၁
၄၇။ မြင်း ၄ မျိုးနဲ့တူတဲ့ လူ ၄ မျိုး ၆၁
၄၈။ စောင့်ကြိုနေတယ် ၆၃
၄၉။ တမလွန်ခရီးအတွက် ၆၅
၅၀။ လူ့ရွာပြန်နတ်သမီး ၆၈
၅၁။ သေချိန်မရောက်မီ သေရသူ ၇ ဦး ၇၁
၅၂။ သေခြင်းအကြောင်း ၈ ပါး ၇၂
၅၃။ ဘဝနဲ့အကြောင်း ၇၂
၅၄။ ကံနဲ့အကျိုး ၇၃
၅၅။ ရန်သူသုံးယောက် ၇၅
၅၆။ ဘုရားနဲ့ဇရာ ၇၆
၅၇။ အချည်းနှီး အချိန်မကုန်ရာ ၇၈
၅၈။ နေ့မြင်ညပျောက် ၇၉
၅၉။ ကမ်းနားသစ်ပင် ၈၀
၆၀။ ဝက် ၈၁
၆၁။ အချိန်ကိုစားသူ ၈၂
၆၂။ သေရာမှာ သတ်မှတ်ချက်မရှိ ၈၅
၆၃။ လက်လျှော့သွားတဲ့ နတ်သမီး ၈၇

http://www.dhammadownload.com

# မြွေနဲ့တုတ်

တစ်နေ့မှာ အာဠဝီပြည်သူပြည်သားတွေက အာဠဝီပြည်ကို ကြွလာတဲ့ ဘုရားရှင်ကို ပင့်ဖိတ်ကာ အလှူပေးကြပါတယ်။ ဘုရားရှင်ဟာ ဆွမ်းကိစ္စပြီးတဲ့အခါ ဝမ်းမြောက်ဝမ်းသာစရာ တရားစကားကို ဟောတော်မူပါတယ်။ အဲဒီအခါမှာ ဘုရားရှင်က အောက်ပါအတိုင်း မိန့်တော်မူပါတယ်။

"ငါ့ရဲ့အသက်ဟာ မမြဲ၊ ငါ့ရဲ့သေခြင်းဟာ မြဲတယ်၊ ငါဟာ ဧကန် သေကိုသေရမယ်။ ငါ့ရဲ့အသက်ရှင်ရခြင်းဟာ သေခြင်းအဆုံးရှိတယ်။ အသက်ရှင်ရတာဟာ မမြဲ၊ သေရတာဟာ မြဲတယ်"လို့ သေခြင်းတရား အမှတ်ရမှု (မရဏာဿတိ) ကို ပွားများကြ။

အကြောင်းကတော့ သေခြင်းတရားအမှတ်ရမှုကို မပွားသူတွေဟာ သေခါနီးအချိန်မှာ အဆိပ်ပြင်းတဲ့မြွေကို တွေ့ရလို့ ခြောက်လန့်တဲ့ တုတ်မရှိသူပမာ အလွန်အကဲ ထိတ်လန့်တုန်လှုပ်ကာ ကြောက်မက်ဖွယ်အသံကို အော်ဟစ်ပြီး သေပွဲဝင်သွားကြပါတယ်။ သေခြင်းတရား အမှတ်ရမှုကို ပွားများသူတွေကတော့ အဝေးအရပ်ကပဲ အဆိပ်ပြင်းတဲ့မြွေကို မြင်ရလို့ တုတ်နဲ့ယူကာ စွန့်ပစ်ပြီး ရပ်တည်နေသူပမာ သေခါနီးမှာ မကြောက်လန့်ကြပါ။ ဒါကြောင့် သေခြင်းတရား အမှတ်ရမှုကို ပွားများထိုက်တယ်"လို့ ဟောတော်မူပါတယ်။

အဲဒီတရားကို ကြားနာပြီး အခြားလူတွေ ကိုယ့်ကိစ္စတွေနဲ့ကိုယ် အလုပ်ရှုပ်နေကြပါတယ်။ ၁၆ နှစ်အရွယ် ရက်ကန်း

http://www.dhammadownload.com



သည်သမီးလေးကတော့ "ဘုရားရှင်တွေရဲ့စကားဆိုတာ အံ့ဩစရာကောင်းပါပေတယ်။ ငါကတော့ သေခြင်းတရား အမှတ်ရအောက်မေ့မှုသတိကို ပွားများဖို့သင့်တယ်"လို့တွေးကာ နေ့ရောညပါ သေခြင်းတရား အောက်မေ့မှုသတိကိုသာ ပွားများခဲ့ရတယ်။ဘုရားရှင်ကလည်း အဲဒီအာဠဝီပြည်ကထွက်ပြီး ဇေတဝန်ကျောင်းကို ကြွသွားပါတယ်။ အဲဒီကလေးမလေးဟာ ၃ နှစ်ပတ်လုံး သေခြင်းတရား အောက်မေ့မှုသတိကိုသာ ပွားများခဲ့ပါတယ်။

(ဓမ္မပဒဋ္ဌ၊ ၃၊ လောကဝဂ္ဂ၊ ၇-ပေသကာရဓီတာဝတ္ထု ၁၁၁၊)

## ထက်မြက်တဲ့မရဏာဿတိ

ဘုရားရှင်ဟာ နာတိကာရွာ အုတ်တိုက်ကျောင်းမှာ သီတင်းသုံးခိုက် အောက်ပါတရားတော်ကို ဟောကြားတော်မူခဲ့ပါတယ်။

"ရဟန်းတို့ သေခြင်းကရားအောက်မေ့မှု(မရဏာဿတိ)ကို ပွားများရင် ကြိမ်ဖန်များစွာပြုရင် အကျိုးအာနိသင်ကြီးမားတယ်။ နိဗ္ဗာန်မှာ အကျုံးဝင်တယ်။ နိဗ္ဗာန်ဆိုတဲ့ အဆုံးရှိတယ်။ ရဟန်းတို့ သင်တို့ သေခြင်းတရားအောက်မေ့မှုကို ပွားများကြသလား"

အဲဒီလို ဘုရားရှင်က မိန့်တော်မူတော့ ဘုရားရှင်အားဒီစကားကို ရဟန်းတစ်ပါးက လျှောက်ထားပါတယ်။

"မြတ်စွာဘုရား တပည့်တော်ဟာ သေခြင်းတရားအောက်မေ့မှုကို ပွားများပါတယ်ဘုရား"

http://www.dhammadownload.com



"ဘယ်လိုပွားများသလဲ"

၁။ "ငါဟာ တစ်ညနဲ့တစ်နေ့ အသက်ရှင်ရင်ကောင်းမယ်၊ ဘုရားရှင်ရဲ့အဆုံးအမကို နှလုံးသွင်းနိုင်ရာပါ၏။ များစွာ လိုက်နာကျင့်သုံးနိုင်ရာပါ၏"လို့ တပည့်တော်မှာ အကြံဖြစ်ပါတယ်။ တပည့်တော်ဟာ သေခြင်းတရား အောက်မေ့မှုကို အဲဒီလို ပွားများပါတယ်ဘုရား"

၂။ နောက်ရဟန်းတစ်ပါးက တစ်နေ့တာ အသက်ရှင်ရရင်

၃။ နောက်ရဟန်းတစ်ပါးက နေ့ထက်ဝက် အသက်ရှင်ရရင်

၄။ နောက်ရဟန်းတစ်ပါးက ဆွမ်းတစ်ထပ်စားတဲ့အချိန်အတွင်း အသက်ရှင်ရရင်

၅။ နောက်ရဟန်းတစ်ပါးက ဆွမ်းတစ်ထပ်ရဲ့ထက်ဝက် အချိန်အတွင်း အသက်ရှင်ရရင်

၆။ နောက်ရဟန်းတစ်ပါးက ဆွမ်း ၄ လုတ်၊ ၅ လုတ်စားတဲ့အချိန်အတွင်း အသက်ရှင်ရရင်

၇။ နောက်ရဟန်းတစ်ပါးက ဆွမ်းတစ်လုတ်စားတဲ့အချိန်အတွင်း အသက်ရှင်ရရင်

၈။ နောက်ရဟန်းတစ်ပါးက အသက်တစ်ရှူတစ်ရှိုက်အတွင်း အသက်ရှင်ရရင်ကောင်းမယ်၊ ဘုရားရှင်ရဲ့ အဆုံးအမကို နှလုံးသွင်းနိုင်ရာပါ၏။ များစွာ လိုက်နာကျင့်သုံးနိုင်ရာပါ၏"လို့ တပည့်တော်မှာ

http://www.dhammadownload.com



အကြံဖြစ်ပါတယ်။ တပည့်တော်ဟာ သေခြင်းတရား အောက်မေ့မှုကို အဲဒီလိုပွားများပါတယ်ဘုရား''လို့ ရဟန်း ၈ ပါးက အသီးသီး လျှောက်ထားကြပါ တယ်။

အဲဒီအခါ ဘုရားရှင်က ရဟန်းတွေအား အောက်ပါ စကားကို မိန့်ကြားတော်မူပါတယ်။ ရှေ့ရဟန်း ၆ ပါးဟာ မေ့မေ့လျော့လျော့နေကြတယ်။ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်ဖို့ရာအတွက် နှံ့နှေးတဲ့ သေခြင်းတရားအောက်မေ့မှုကို ပွားများ ကြတယ်။

နောက်ရဟန်း ၂ ပါးကတော့ မမေ့မလျော့ နေကြ တယ်။ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ဖို့ရာအတွက် ထက်မြက် တဲ့ သေခြင်းတရားအောက်မေ့မှုကို ပွားများကြတယ်။

ရဟန်းတို့ ဒီသာသနာတော်မှာ ဒါကြောင့် ဒီလိုကျင့်ရ မယ်။ ''မမေ့မလျော့နေကြမယ်၊ အာသဝေါကုန်ခန်းရဟန္တာ ဖြစ်ဖို့ရာအတွက် ထက်မြက်တဲ့ သေခြင်းတရားအောက်မေ့မှုကို ပွားများကြမယ်''လို့။

(အင်္ဂုတ္တရ၊ အဋ္ဌကပါဠိ၊ ၃ပဏ်၊ ၃-ယမကဝဂ်၊ ၃-ပဌမမရဏဿတိသုတ်၊ ၁၃၅။)

## ဦးခေါင်းမီးလောင်ခံရသူပမာ

ဘုရားရှင်ဟာ နာတိကာရွာ အုတ်တိုက်ကျောင်းမှာ သီတင်းသုံးခိုက်မှာပဲ အောက်ပါတရားတော်ကို ဟောတော်မူခဲ့ ပါတယ်။

http://www.dhammadownload.com



ရဟန်းတို့ သေခြင်းတရားအောက်မေ့မှု (မရဏာဿတိ) ကို ပွားများရင် ကြိမ်ဖန်များစွာပြုရင် အကျိုးအာနိသင်ကြီးမား တယ်။ နိဗ္ဗာန်မှာ အကျုံးဝင်တယ်။ နိဗ္ဗာန်ဆိုတဲ့ အဆုံးရှိတယ်။

ရဟန်းတို့ ဘယ်လိုပွားများ၊ ဘယ်လို ကြိမ်ဖန်များစွာ ပြုထားတဲ့ မရဏာဿတိဟာ အကျိုးအာနိသင်ကြီးသလဲ၊ နိဗ္ဗာန် မှာ အကျုံးဝင်သလဲ၊ နိဗ္ဗာန်ဆိုတဲ့ အဆုံးရှိသလဲ။

ရဟန်းတို့ ဒီသာသနာတော်က ရဟန်းဟာ နေ့အချိန် ကုန်လွန်လို့ ညအချိန်ရောက်လာတဲ့အခါ ဒီလိုစဉ်းစားတယ်။

"ငါ့မှာ သေနိုင်စရာအကြောင်းတွေ အများကြီးရှိတယ်။ မြွေကိုက်လို့၊ ကင်းမြီးကောက်ကိုက်လို့၊ ကင်းခြေများကိုက်လို့ သေနိုင်တယ်။ အဲဒါဟာ ငါ့အတွက် အသက်အန္တရာယ်ပဲ။ ပုထုဇဉ်ဘဝနဲ့သေရင် နတ်ပြည်အန္တရာယ်လည်း ဖြစ်နိုင်တယ်။ မဂ်အန္တရာယ်လည်း ဖြစ်နိုင်တယ်။ ချော်ပြီးလဲကျလို့၊ အစာ မကြေလို့၊ သည်းခြေပျက်လို့၊ သလိပ်ပျက်လို့၊ လေသင်တုန်း ဖြတ်လို့၊ လူတွေနှိပ်စက်လို့၊ ဘီလူး တစ္ဆေ သရဲတွေ နှိပ်စက်လို့ သေနိုင်တယ်။ အဲဒါတွေဟာ ငါ့အတွက် အန္တရာယ်တွေပဲ"လို့ စဉ်းစားတယ်။

ရဟန်းတို့ အဲဒီရဟန်းဟာ ဒီလိုစဉ်းစားထိုက်တယ်။

"ညအခါမှာ ငါသေခဲ့ရင် အန္တရာယ်ပြုနိုင်မယ့် အကု သိုလ်တရားတွေ ငါ့မှာမပယ်ရသေးတာ ရှိနေသေးသလား"

အဲဒီလိုစဉ်းစားလို့ မပယ်ရသေးတဲ့ အကုသိုလ်တွေ ရှိနေကြောင်း သိခဲ့ရင် အဲဒီရဟန်းဟာ အဲဒီအကုသိုလ်တွေကို ပယ်ဖို့ရာ ကြီးမားတဲ့ဆန္ဒ၊ ဝီရိယ၊ လုံ့လ၊ ပြင်းထန်တဲ့လုံ့လ၊ မတွန့်ဆုတ်မှု၊ သတိ၊ ဉာဏ်တွေကို ပြုရမယ်။

http://www.dhammadownload.com



ဥပမာ အဝတ် သို့မဟုတ် ဦးခေါင်းကို မီးလောင်ခံရသူဟာ အဲဒီအဝတ်၊ အဲဒီဦးခေါင်းကို မီးငြိမ်းသတ်ဖို့ရာ ကြီးမားတဲ့ ဆန္ဒ၊ ဝီရိယ၊ လုံ့လ၊ ပြင်းထန်တဲ့လုံ့လ၊ မတွန့်ဆုတ်မှု၊ သတိ၊ ဉာဏ်တွေကို ပြုလုပ်ရာသကဲ့သို့ပါပဲ။

ရဟန်းက စဉ်းစားလို့ မပယ်ရသေးတဲ့ အကုသိုလ်တွေ မရှိတော့ကြောင်း သိခဲ့ရင် အဲဒီရဟန်းဟာ အဲဒီနှစ်သက်ဝမ်းမြောက်မှုနဲ့ပဲ ကုသိုလ်တရားတွေမှာ နေ့ရောညပါ ကျင့်ကာ နေထိုင်ရမည်။

ညအချိန်ကုန်လွန်လို့ နေ့အချိန်ရောက်လာတဲ့အခါမှာလည်း ညအချိန်မှာလိုပဲ နည်းတူဆက်ဟောတော်မူပါတယ်။

(အင်္ဂုတ္တရ၊ အဋ္ဌကပါဠိ၊ ဒုပဏ်၊ ၃-ယမကဝဂ်၊ ၃-ဒုတိယမရဏဿတိသုတ်၊ ၁၃၉။)

## သေခြင်းရဲ့ အကျိုးနဲ့အကြောင်း

ရဟန်းတို့ ဒီတရားသုံးပါး လောကမှာမရှိခဲ့ရင် ဘုရားရှင်ဟာ လောကမှာ ပေါ်ထွန်းမလာရာ။ ဘုရားရှင်ဟောထားအပ်တဲ့ တရားတော်ဟာ လောကမှာ မထွန်းပလာရာ။

အဲဒီတရားသုံးပါးက ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှုတွေပါပဲ။

အဲဒီတရားသုံးပါး လောကမှာ ရှိနေလို့သာ ဘုရားရှင်ဟာ လောကမှာ ပေါ်ထွန်းလာပါတယ်။ ဘုရားရှင်ဟောထားအပ်တဲ့ တရားတော်ဟာ လောကမှာ ထွန်းပလာပါတယ်။

http://www.dhammadownload.com



ရဟန်းတို့ ရာဂ၊ ဒေါသ၊ မောဟဆိုတဲ့ တရားသုံးပါးကို မပယ်ရင် ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှုတွေကို ပယ်ဖို့ မဖြစ်နိုင်ပါ။

ရဟန်းတို့ ရာဂ၊ ဒေါသ၊ မောဟဆိုတဲ့ တရားသုံးပါးကို ပယ်ရင် ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှုတွေကို ပယ်ဖို့ဖြစ်နိုင်ပါတယ်။

(အင်္ဂုတ္တရ၊ ဒသကပါဠိ၊ ၂-ဒုပဏ္ဏာ၊ ၃-အာကင်္ခဝဂ်၊
၆-တယောဓမ္မသုတ်။)

## သေမင်းလာမယ်

ဘုရားရှင်ဟာ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးခိုက် ရဟန်းတွေအား ဟောကြားခဲ့ပါတယ်။

"ရဟန်းတို့ လူတွေရဲ့ ဒီသက်တမ်းဟာ တိုတယ်။ နောက်ဘဝကို သွားရဦးမယ်။ ကုသိုလ်ကိုပြုရမယ်။ မြတ်တဲ့ အကျင့်ကို ကျင့်ရမယ်။ မွေးဖွားလာသူမှာ မသေတာမရှိ။ ကြာရှည်စွာ အသက်ရှည်ရင်တစ်ရာသို့မဟုတ် တစ်ရာ့ငါးဆယ်၊ တစ်ရာ့ခြောက်ဆယ် အသက်ရှည်မယ်။ အသက်နှစ်ရာရှည်ဖို့ မစွမ်းနိုင်"

အဲဒီအခါ မာရ်နတ်က ဘုရားရှင်ကို ချဉ်းကပ်ပြီး ဒီလိုလျှောက်ပါတယ်။

"လူတွေရဲ့အသက်ဟာ ရှည်ပါတယ်။ သူတော်ကောင်းဟာ "ဒီအသက်ဟာတိုတယ်"လို့ အသက်ကို မရှုတ်ချသင့်ပါ။ ပက်လက်အိပ်နေတဲ့ နို့စို့ကလေးငယ်ဟာ နို့စို့ပြီး အဝတ်အခင်း

http://www.dhammadownload.com



ပေါ်မှာ လျှောင်းကာ သညာမရှိသူပမာ အိပ်နေပါတယ်။ "အသက်တိုမယ် ရှည်မယ်"လို့ မစဉ်းစားပါ။ အဲဒီလိုပဲ သူတော်ကောင်းဟာ ကျင့်ရာပါ၏။ သေမင်း မလာရောက်နိုင်ပါ"

အဲဒီအခါ မာရ်နတ်အား ဘုရားရှင်က ဒီလိုမိန့်တော်မူလိုက်ပါတယ်။

"လူတွေရဲ့အသက်ဟာ တိုပါတယ်။ သူတော်ကောင်းဟာ "ဒီအသက်ဟာ တိုတယ်"လို့ အသက်ကို ရှုတ်ချရာ၏။ ဦးခေါင်းကို မီးလောင်ခံရသူပမာ ကျင့်ရာ၏။ သေမင်း မလာရောက်နိုင်တာမရှိပါ"

(သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ ၄-မာရသံယုတ်၊ ၂-ဒုတိယဝဂ်၊ ၉-ပဌမအာယုသုတ်၊ ၁၀၉။)

## မြစ်ရေ

မာရ်နတ်က ဘုရားရှင်ကို ချဉ်းကပ်ပြီး ဒီလိုလျှောက်ထားပါတယ်။

"နေ့ညဥ့်တွေဟာ မကုန်လွန်ပါ။ အသက်ဟာ မချုပ်ပါ။ အသက်ဟာ သတ္တဝါတွေရဲ့နောက်ကို အစဉ်လိုက်နေပါတယ်။ နေ့အခါ သွားနေတဲ့ရထားရဲ့ စက်ဘီးအကွပ်တကူဟာ ရထားကိုယ်ထည်ကို အစဉ်လိုက်သလိုပါပဲ"

အဲဒီအခါ မာရ်နတ်အား ဘုရားရှင်က ဒီလိုမိန့်တော်မူပါတယ်။

http://www.dhammadownload.com



"နေ့ညဉ့်တွေဟာ ကုန်လွန်နေကြတယ်။ အသက်ဟာ ချုပ်ပျောက်နေတယ်။ သတ္တဝါတွေရဲ့အသက်ဟာ ကုန်နေ တယ်။ မြစ်ငယ်တွေရဲ့ရေဟာ ကုန်နေသလိုပါပဲ"

(သဂါထာဝဂ္ဂ၊ မာရသံယုတ်၊ ဒုတိယအာယုသုတ်၊ ၁၁၀။)

# အရိပ်

သေမင်းအလွှမ်းမိုးခံရလို့ လူ့ဘဝကို စွန့်ခွာသွားရသူရဲ့ ကိုယ်ပိုင်ဥစ္စာဟာ ဘာပါလဲ။ သူဟာ ဘာကိုယူသွားပါသလဲ။ လူ့နောက် အမြဲလိုက်နေတဲ့အရိပ်ပမာ သူ့နောက် အမြဲလိုက်နေတဲ့အရာက ဘာပါလဲ။

ဒီလောကမှာ သတ္တဝါပြုတဲ့ကောင်းမှု မကောင်းမှု။ ဒီနှစ်ခုဟာ သေသွားသူရဲ့ ကိုယ်ပိုင်ဥစ္စာဖြစ်ပါတယ်။ သူဟာ အဲဒါကို ယူသွားပါတယ်။ အဲဒါနှစ်ခုက သူ့နောက်ကို အရိပ်ပမာ အစဉ်အမြဲ လိုက်နေပါတယ်။

ဒါကြောင့် တမလွန်ဘဝအတွက် စုဆောင်းထားရမယ့် ကောင်းမှုကို ပြုလုပ်ရာ၏။ တမလွန်ဘဝမှာ သတ္တဝါတွေ အတွက် ကောင်းမှုတွေဟာ ထောက်တည်ရာတွေ ဖြစ်ကြပါ တယ်။

(သဂါထာဝဂ္ဂ၊ ၃–ကောသလသံယုတ်၊ ၁–ပဌမဝဂ်၊ ၄–ပိယသုတ်၊ ၇၁။)

http://www.dhammadownload.com



# အိုး

ဘုရားရှင်ဟာ သာဝတ္ထိမြို့မှာ သီတင်းသုံးခိုက် ကောသလမင်းက ဘုရားရှင်ထံရောက်လာလို့ "မင်းကြီး အခုနေ့လယ်အချိန်မှာ ဘယ်ကလာခဲ့သလဲ"လို့ မေးပါတယ်။

"မြတ်စွာဘုရား အသက် ၁၂၀ ရှိတဲ့ တပည့်တော့်အဘွား သေသွားပါပြီ။ တပည့်တော်ဟာ အဘွားကို သိပ်ချစ်မြတ်နိုးပါတယ်။ အဘွားမသေအောင် ဆင်ရတနာ၊ မြင်းရတနာ၊ အခွန်တစ်သိန်းထွက်တဲ့ရွာ၊ ဇနပုဒ် တစ်စိတ်တစ်ဒေသတွေနဲ့ အစားထိုးပြီး လဲလှယ်လို့ရမယ်ဆိုရင် လဲလှယ်ချင်ပါတယ်ဘုရား"

"မင်းကြီး သတ္တဝါအားလုံးဟာ သေခြင်းသဘောရှိကြတယ်။ သေခြင်းဆိုတဲ့ အဆုံးရှိကြတယ်။ သေခြင်းကို မလွန်မြောက်နိုင်ကြဘူး"

"မြတ်စွာဘုရား အံ့ဩဖွယ်ကောင်းပါတယ်။ ထူးဆန်းပါတယ်။ ဘုရားရှင်ရဲ့စကားဟာ အလွန်ပဲကောင်းတဲ့စကားဖြစ်ပါတယ်"

"မင်းကြီး မှန်တယ်၊ မှန်တယ်။ အိုးထိန်းသည်ရဲ့အိုးအစိမ်း၊ အိုးအကျက်တွေမှာ တချို့အိုးက အိုးလုပ်တုန်းမှာပဲ ကွဲသွားတယ်။ တချို့အိုးက စက်က မထုတ်ရသေးခင်မှာ ကွဲသွားတယ်။ တချို့အိုးက စက်ကထုတ်ပြီး မြေကြီးပေါ်ချခါစမှာ ကွဲသွားတယ်။ တချို့အိုးက အဲဒီကနောက် ကွဲသွားတယ်။ အဲဒီလိုပါပဲ သတ္တဝါတွေထဲမှာ တချို့က ပဋိသန္ဓေယူပြီးသေ

http://www.dhammadownload.com



တယ်။ တချို့က မိခင်သားဖွားရင်း အမိဝမ်းက မထွက်ခင်ဘဲ သေတယ်။ တချို့က ထွက်ပြီးစမှာ သေတယ်။ တချို့က အဲဒီကနောက် သေတယ်''

''သတ္တဝါအားလုံးဟာ သေကြလိမ့်မယ်။ မှန်တယ်။ အသက်ရှင်တာဟာ သေခြင်းအဆုံးရှိတယ်။ ကိုယ့်ကံအားလျော်စွာ ကောင်းကျိုးမကောင်းကျိုးတွေကို ရရှိကြတယ်။ မကောင်းမှုရှိသူတွေက ငရဲကို၊ ကောင်းမှုရှိသူတွေက ကောင်းတဲ့ဘဝကို ရောက်ကြတယ်''

(သဂါထာဝဂ္ဂ၊ ၃-ကောသလသံယုတ်၊ ၃-တတိယဝဂ်၊
၂-အယျိကာသုတ်၊ ၉၇/၈။)

## တောင်ကြီး

မိုးထိကြီးမားတဲ့ ကျောက်တောင်တွေဟာ ပတ်ဝန်းကျင် အရပ်လေးမျက်နှာမှာ ကြိတ်ချေပြီး လိမ့်လာကြသည့်ပမာ အိုခြင်း သေခြင်းဟာ သတ္တဝါတွေကို လွှမ်းမိုးကြိတ်ချေလာပါတယ်။ မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ ဆင်းရဲသား၊ သူတောင်းစား ဘယ်သူ့ကိုမှ မရှောင်ပါဘူး။ အကုန်လုံးကိုပဲ လွှမ်းမိုးကြိတ်ချေပါတယ်။

ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်တွေလည်း မတတ်နိုင်ကြပါ။ ပညာနဲ့စစ်ထိုးလို့လည်း မတတ်နိုင်ပါ။ ဥစ္စာနဲ့ ဖြားယောင်းလို့လည်း မတတ်နိုင်ပါ။

http://www.dhammadownload.com



ဒါကြောင့် မိမိရဲ့အကျိုးကို သိမြင်တဲ့ ပညာရှင်ဟာ ဘုရား၊ တရား၊ သံဃာအပေါ်မှာ ယုံကြည်မှုသဒ္ဓါကို တည်ရှိနေစေရာပါ၏။

(သဂါထာဝဂ္ဂ၊ ၃-ကောသလသံယုတ်၊ တတိယဝဂ်၊ ၅၊ ပဗ္ဗတူပမသုတ်၊ ၁၀၁။)

## နေရာမရှိ

သေမင်းမရောက်နိုင်၊ မလွှမ်းမိုးနိုင်တဲ့ မြေနေရာ တစ်ဆံဖျားမျှလောက်တောင် မရှိပါ။ ကောင်းကင်မှာထိုင်ထိုင်၊ သမုဒ္ဒရာအလယ်မှာ လှေနဲ့ပြေးပြေး၊ တောင်အခေါင်းထဲကို ဝင်ဝင်၊ ဘယ်နေရာမှာမှ သေမင်းလက်က မလွတ်နိုင်ပါ။

(ဓမ္မပဒ၊ ၄၊ ၃၊ ၂၉)

## သေရမှာ မကြောက်သူများ

ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ ဥသဘအာဇာနည်နဲ့ ရဟန္တာတွေဟာ သေရမှာမကြောက်ကြပါ။ ရဟန္တာက သက္ကာယဒိဋ္ဌိကို ပယ်ပြီးလို့ သေတဲ့သတ္တဝါကို မတွေ့ရတဲ့အတွက် မကြောက်ပါ။ ဆင်၊ မြင်း၊ ဥသဘအာဇာနည်တွေက သက္ကာယဒိဋ္ဌိ အားကြီးလို့ သူတို့ရဲ့ ဆန့်ကျင်ဘက်သတ္တဝါကို မမြင်တဲ့အတွက် မကြောက်ကြပါ။ ကျန်တဲ့သတ္တဝါအားလုံး သေရမှာကြောက်ကြပါတယ်။

(ဓမ္မပဒ၊ ၄၊ ၃၊ ၃၁။)

http://www.dhammadownload.com



## နွားကျောင်းသား

နွားကျောင်းသားဟာ တုတ်နဲ့ နွားတွေကို စားကျက်သို့ မောင်းနှင်သလို ဇာတိက သတ္တဝါတွေရဲ့အသက်ကို ဇရာထံ ပို့ပါတယ်။ ဇရာက ဗျာဓိထံ ပို့ပါတယ်။ ဗျာဓိက မရဏာထံ ပို့ပါတယ်။ မရဏာက ဓားမနဲ့ခုတ်ဖြတ်လိုက်သလို သတ္တဝါတွေ ရဲ့ အသက်ကို ခုတ်ဖြတ်သွားပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၃၈။)

## မငိုကြသူများ

ဘုရားရှင်ဟာ သားသေတဲ့ သူကြွယ်ရဲ့အိမ်ကို ကြွပါ တယ်။ ဘုရားရှင်ကို ရှိခိုးပြီး ထိုင်နေတဲ့ အဲဒီသူကြွယ်ကို "အို သူကြွယ် ဘာလို့ဝမ်းနည်းနေသလဲ"လို့ မေးပါတယ်။ "မြတ်စွာဘုရား တပည့်တော်သား သေတဲ့အချိန်ကစပြီး ဝမ်း နည်းနေပါတယ်"လို့ လျှောက်တော့ "အို သူကြွယ် ကွဲတတ်တဲ့ သဘောရှိတဲ့အရာဆိုတာ ကွဲတာပဲ။ ပျက်တတ်တဲ့ သဘောရှိ တဲ့ အရာဆိုတာ ပျက်တာပဲ။ အဲဒီ ကွဲ ပျက်တာဟာလည်း တစ်အိမ်တည်းမှာသာမဟုတ်၊ တစ်ရွာတည်းမှာသာမဟုတ်၊ တကယ်တော့ အတိုင်းအတာမရှိတဲ့ စကြဝဠာတွေမှာ ဘဝ သုံးပါးမှာ မသေသူဆိုတာမရှိ၊ မပျက်ဘဲ မြဲတည်နိုင်တဲ့ သင်္ခါရ တရား တစ်ခုလေးတောင်မရှိ။ သတ္တဝါမှန်သမျှ သေကြရ တယ်။ သင်္ခါရမှန်သမျှ ပျက်ကြရတယ်။ ရှေးပညာရှိတွေဟာ လည်း သားသေတဲ့အခါ "သေတတ်တာသေတယ်၊ ပျက်တတ်

http://www.dhammadownload.com



တာ ပျက်တယ်”လို့ တွေးကာ ဝမ်းမနည်းခဲ့ကြဘူး”လို့ မိန့်တော်မူပါတယ်။

ပြီးတော့ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူပါတယ်။

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုတဲ့အခါ ဘုရားလောင်းဟာ ဗာရာဏသီမြို့တံခါးအနီးရှိ ရွာလေးတစ်ရွာက ပုဏ္ဏားအိမ်မှာဖြစ်ကာ ဥစ္စာနှစ်ကို ဖြစ်စေပြီး လယ်ယာအလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုလုပ်ပါတယ်။ သူ့မှာ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိပါတယ်။ အရွယ်ရောက်လာတဲ့သားကို အမျိုးတူထဲက ကလေးမတစ်ယောက်နဲ့ ပေးစားလိုက်ပါတယ်။ ဘုရားလောင်းရယ်၊ သူ့ဇနီးရယ်၊ သားရယ်၊ သမီးရယ်၊ ချွေးမရယ်၊ ကျွန်မရယ်လို့ ၆ ယောက်ဟာ ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ချစ်ချစ်ခင်ခင်နဲ့ နေကြပါတယ်။

ဘုရားလောင်းက ကျန်တဲ့လူ ၅ ယောက်ကို ဒီလို ဩဝါဒပေးပါတယ်။

“သင်တို့ဟာ သင်တို့ရရှိတဲ့ ပစ္စည်းအခြေအနေနဲ့ပဲ ဒါနပြုကြပါ၊ သီလစောင့်ကြပါ၊ ဥပုသ်ဆောက်တည်ကြပါ၊ မရဏာဿတိ(သေခြင်းအောက်မေ့မှု)ကို ပွားများကြပါ။ သင်တို့ သေရမှာကို အမှတ်ရကြပါ။ ဟုတ်တယ်။ ဒီသတ္တဝါတွေရဲ့ သေရတာဟာ မြဲတယ်၊ အသက်ရှင်ရတာဟာ မမြဲဘူး။ သင်္ခါရအားလုံးဟာ မမြဲဘူး။ ကုန်တတ် ပျက်တတ်ကြတယ်။ နေ့မှာရော ညမှာပါ မမေ့မလျော့ နေကြပါ”

http://www.dhammadownload.com



ကျန်တဲ့ လူ ၅ ယောက်က "ကောင်းပါတယ်"လို့ ဩဝါဒကို ခံယူကာ မမေ့မလျော့ မရဏာဿတိကို ပွားများကြပါတယ်။

တစ်နေ့မှာ ဘုရားလောင်းဟာ သားနဲ့အတူ လယ်ကို သွားကာ ထွန်ပါတယ်။ သားက အမှိုက်ကို စုပုံပြီး မီးရှို့ပါတယ်။ အဲဒီရဲ့အနီးအနားက တောင်ပို့တစ်ခုထဲမှာ အဆိပ်ပြင်းတဲ့ မြွေရှိပါတယ်။ မီးခိုးက အဲဒီမြွေရဲ့မျက်စိတွေကို ထိခိုက်ပါတယ်။ အဲဒီမြွေက စိတ်ဆိုးပြီးထွက်ကာ "သူ့ကိုမှီပြီး ငါ့မှာ ဘေးဖြစ်ရတယ်"လို့တွေးပြီး အစွယ် ၄ ချောင်းနစ်မြှုပ်ကာ သူ့ကို ကိုက်လိုက်ပါတယ်။ သားဟာ လဲပြီးကျသွားပါတယ်။ ဘုရားလောင်းက သူ့သားလဲကျသွားတာကိုမြင်လို့ နွားတွေကို ထားခဲ့ကာ သွားပြီး သူ့သားသေသွားတာကို သိတဲ့အတွက် သူ့သားအလောင်းကို မြှောက်ချီကာ သစ်ပင်တစ်ပင်အောက်မှာ လဲလျောင်းထားပါတယ်။ အဝတ်ခြုံပေးထားပါတယ်။ မငိုပါဘူး။ "ကွဲပျက်တတ်တာ ကွဲပျက်တယ်။ သေတတ်တာ သေတယ်။ သင်္ခါရအားလုံး အမြဲမရှိ၊ သေခြင်းအဆုံးရှိပါတယ်"လို့ မမြဲတဲ့ အဖြစ်ကိုသာ ရှုမှတ်ကာ လယ်ထွန်နေပါတယ်။

ဘုရားလောင်းဟာ လယ်အနီးကဖြတ်သွားတဲ့ အိမ်နီးနားချင်းယောကျ်ားတစ်ယောက်ကိုမြင်လို့ "မိတ်ဆွေ အိမ်ကို သွားမလို့လား"လို့ မေးတဲ့အခါ "သွားပါမယ်"လို့ပြောလို့ "ဒီလိုဆိုရင် ကျွန်တော်တို့အိမ်ကို သွားပြီး ပုဏ္ဏေးမကို ပြောပေးစမ်းပါ"

"ဒီနေ့ အရင်နေ့တွေကလို ထမင်းကို နှစ်ယောက်စာ မယူခဲ့ဘဲ တစ်ယောက်စာအတွက်ပဲ ယူခဲ့ကြပါ။ အရင်နေ့တွေ

http://www.dhammadownload.com



က ကျွန်မတစ်ယောက်တည်းပဲ ထမင်းကို ယူခဲ့ပါတယ်။ ဒီနေ့တော့ အခြား ၄ ယောက်ပါ ဖြူစင်တဲ့အဝတ်ကိုဝတ်ပြီး ပန်း နံ့သာတွေကို ယူကာ လာခဲ့ကြပါ''လို့။

အဲဒီလူက ''ကောင်းပါပြီ''လို့ပြောပြီးသွားကာ ပုဏ္ဏေးမ အား မှာတဲ့အတိုင်းပဲ ပြောပါတယ်။ ပုဏ္ဏေးမက ''ဒီသတင်း စကားကို သင့်အား ဘယ်သူက ပေးလိုက်တာလဲ''လို့ မေးလို့ အဲဒီလူက ''ပုဏ္ဏားက ပေးလိုက်တယ်''လို့ ပြောပါတယ်။ ပုဏ္ဏေးမက ''ငါ့သားသေပြီ''လို့ သိပါတယ်။ နည်းနည်းလေးမှ စိတ်မတုန်လှုပ်ပါ။ မရဏာဿတိ ပွားထားတဲ့ ပုဏ္ဏေးမဟာ ဖြူစင်တဲ့အဝတ်ကိုဝတ်ပြီး ပန်း နံ့သာတွေကိုယူကာ ကျွန်မကို အာဟာရကို ဆောင်ယူစေပြီး အခြားသူတွေနဲ့အတူ လယ်ကို သွားပါတယ်။ တစ်ယောက်မှာမှ ငိုကြွေး မြည်တမ်းတာ မရှိပါ။

ဘုရားလောင်းက သားအလောင်း လဲလျောင်းနေတဲ့ သစ်ပင်အရိပ်မှာပဲ ထိုင်ကာ ထမင်းစားပါတယ်။ စားပြီးတဲ့အခါ အိမ်သားအားလုံး ထင်းတွေကိုစုကာ ထင်းပုံပေါ်မှာ အလောင်း ကို တင်ပြီး ပန်းနံ့သာတွေနဲ့ ပူဇော်ကာ မီးရှို့ကြပါတယ်။ ဘယ်သူမှာမှ မျက်ရည်တစ်စက်လေးတောင် မကျပါ။ သူတို့ အားလုံးဟာ မရဏာဿတိကို ကောင်းကောင်း ပွားများထား ကြပါတယ်။

သူတို့ရဲ့ သီလတန်ခိုးကြောင့် သိကြားမင်းရဲ့နေရာဟာ ပူတဲ့အခြင်းအရာကို ပြလာပါတယ်။ သိကြားမင်းက ''ဘယ်သူ က ငါ့ကို ရာထူးက ရွေ့လျောစေလိုသလဲ''လို့ စူးစမ်းတဲ့အခါ သူတို့ရဲ့ ဂုဏ်တန်ခိုးကြောင့် ပူတာကို သိရလို့ ကြည်လင်ရွှင်ပျ

http://www.dhammadownload.com



ကာ "ငါဟာ သူတို့ထံသွားပြီး ရဲရဲတောက်စကားကို ပြောကြားစေကာ ရဲရဲတောက်စကားရဲ့အဆုံးမှာ သူတို့ရဲ့အိမ်ကို ရတနာ ၇ ပါးနဲ့ပြည့်အောင် လုပ်ပေးပြီးမှ ပြန်လာသင့်တယ်" လို့ တွေးပြီး မြန်မြန် အဲဒီနေရာကိုသွားကာ သုသာန်နံဘေးမှာ ရပ်တည်လျက် "ဖခင် ဘာလုပ်နေပါသလဲ"လို့ မေးပါတယ်။

"လူတစ်ယောက်ကို မီးရှို့နေကြပါတယ်"

"လူတစ်ယောက်ကို မီးရှို့နေကြတာ ဟုတ်ပုံမရပါ။ သားကောင်တစ်ကောင်ကို သတ်ပြီး ဖုတ်ကင်နေကြတယ် ထင်ပါတယ်"

"သားကောင်မရှိပါ၊ လူကိုပဲ မီးရှို့နေကြပါတယ်"

"ဒီလိုဆိုရင် ဒီလူဟာ သင်တို့ရဲ့ ရန်သူဖြစ်ပါလိမ့်မယ်"

အဲဒီအခါ ဘုရားလောင်းက သူ့ကို ဒီလိုပြောပါတယ်။

"ဒါဟာ ကျွန်တော်ရဲ့သားပါ၊ ရန်သူမဟုတ်ပါဘူး"

"ဒီလိုဆိုရင် ဒီသားဟာ သင်တို့မချစ်တဲ့သားလား"

"အလွန်ချစ်ရတဲ့သား ဖြစ်ပါတယ်"

"ဒီလိုဆိုရင် ဘာကြောင့်မငိုသလဲ"

"မြွေဟာ အရေဟောင်းကို စွန့်ပြီးသွားသလို သားဟာလည်း ဘဝဟောင်းကို စွန့်ပြီးသွားပါပြီ။ မီးရှို့ခံနေရတဲ့ သားအလောင်းကောင်ဟာ သူ့ရဲ့ ချမ်းသာ ဆင်းရဲကို မသိသလို ဆွေမျိုးတွေ ငိုကြွေးတာကိုလည်း မသိပါ။ ဒါကြောင့် ဝမ်းမနည်းပါ၊ သားက သူ့ကံအတိုင်း သွားပါပြီ"

သိကြားမင်းက ဘုရားလောင်းရဲ့စကားကို နားထောင်ပြီး ပုဏ္ဏေးမကို မေးပါတယ်။

http://www.dhammadownload.com



“မိခင် သေသွားသူဟာ သင်နဲ့ ဘာတော်ပါသလဲ”

“ဆယ်လလုံးလုံး ဝမ်းနဲ့လွယ်ပြီး နို့ချိုတိုက်ကျွေးကာ လက်ခြေတွေကို ကောင်းကောင်းတည်စေပြီး ကြီးပွားအောင် လုပ်ပေးခဲ့ရတဲ့သားပါ”

“မိခင် ဖခင်က ယောကျ်ားသားမို့ မငိုတာ ထားပါတော့။ မိခင်ရဲ့နှလုံးသားကတော့ နူးညံ့ပါတယ်။ မိခင်က ဘာကြောင့် မငိုပါသလဲ”

“သားက မခေါ်ဘဲနဲ့လာတယ်၊ မနှင်ဘဲနဲ့ ပြန်သွားပါတယ်။ သူ့သဘောနဲ့လာပြီး သူ့သဘောနဲ့ပြန်သွားတဲ့ကိစ္စမှာ ဘာဝမ်းနည်းငိုကြွေးစရာ ရှိမှာလဲ”

သိကြားမင်းက ပုဏ္ဏေးမရဲ့စကားကို နားထောင်ပြီး သေသွားသူရဲ့နှမကို မေးပါတယ်။

“သေသွားသူက ညီမလေးနဲ့ ဘာတော်သလဲ”

“ကျွန်မရဲ့အစ်ကိုပါ”

“နှမတွေဆိုတာ အစ်ကိုတွေအပေါ် ချစ်ကြတာပဲ။ သင်က ဘာကြောင့်မငိုပါသလဲ”

“ကျွန်မငိုရင် ကျွန်မ ပိန်သွားမယ်။ အစ်ကို့မှာရော ကျွန်မမှာပါ အကျိုးမရှိပါ။ ဆွေမျိုး မိတ်ဆွေတွေမှာ စိတ်မကောင်းစရာ ဖြစ်ပါလိမ့်မယ်”

သိကြားမင်းက နှမရဲ့စကားကိုနားထောင်ပြီး သေသွားသူရဲ့ဇနီးကို မေးပါတယ်။

“ခင်ဗျားနဲ့ကော သေသွားသူက ဘာတော်ပါသလဲ”

“ကျွန်မရဲ့ခင်ပွန်းပါ”

http://www.dhammadownload.com



"ဇနီးတွေဆိုတာ လင်သေသွားရင် မုဆိုးမဖြစ်ကာ ခိုကိုးရာမဲ့ ဖြစ်ကြပါတယ်။ ခင်ဗျားက ဘာကြောင့်မငိုပါသလဲ"

"သင့် မသင့်၊ ရနိုင် မရနိုင်ကို မသိတဲ့ ကလေးမိုက်ဟာ အမိရင်ခွင်မှာ ထိုင်နေရင်း လပြည့်အခါ ကောင်းကင်မှာ သာနေတဲ့ လပြည့်ဝန်းကိုမြင်လို့ "အမေ ဖိုးရွှေလမင်းကို ကျွန်တော့်အားပေးပါ၊ ဖိုးရွှေလမင်းကို ကျွန်တော့်အား ပေးပါ" လို့ ပြောကာ အခါခါငိုကြွေးသလို သေသွားသူကို တမ်းတပြီး ငိုကြွေးနေရင် ကျွန်မဟာ အဲဒီကလေးထက် ပိုပြီးမိုက်ရာကျပါလိမ့်မယ်"

သိကြားမင်းက ဇနီးသည်ရဲ့စကားကို နားထောင်ပြီး ကျွန်မကို မေးပါတယ်။

"ကလေးမ သင်ကကော သေသွားသူနဲ့ ဘာတော်ပါသလဲ"

"ကျွန်မရဲ့ အရှင်သခင်ပါ"

"သင့်ကို သူက နှိပ်စက် ရိုက်ပုတ်လို့ အဲဒီဝဋ်က လွတ်ပြီဆိုပြီး ဝမ်းသာလို့ မငိုတာလား"

"အို ဒီလိုမပြောပါနဲ့၊ အဲဒီလိုအပြုအမူတွေဟာ ကျွန်မရဲ့ အရှင်နဲ့ မသင့်လျော်ပါဘူး။ ခန္တီ၊ မေတ္တာ၊ ကရုဏာနဲ့ ပြည့်စုံတဲ့ အရှင်ဖြစ်ပါတယ်။ ရင်ဝယ်သားပမာ သနားကြင်နာ ပါတယ်"

"ဒီလိုဆိုရင် ဘာကြောင့် မငိုပါသလဲ"

"ကွဲသွားတဲ့အိုးကို တစ်ဖန်ဆက်စပ်လို့ မရနိုင်ပါ။ အဲဒီလိုပါပဲ သေသွားတဲ့သူကို တမ်းတပြီးငိုနေလို့ သေသွားသူက ပြန်ရှင်လာမှာမှ မဟုတ်တာ"

http://www.dhammadownload.com



အောက်ပါစကားကို ဖခင်ကြီးပြောသလို အခြားသူ ၄ ယောက်လည်း ပြောပါတယ်။

“မီးရှို့ခံနေရတဲ့ သားအလောင်းကောင်ဟာ သူ့ရဲ့ ချမ်းသာဆင်းရဲကို မသိသလို ဆွေမျိုးတွေ ငိုကြွေးတာကိုလည်း မသိပါ။ ဒါကြောင့် ဝမ်းမနည်း၊ မငိုကြွေးပါ။ သေသွားသူက သူ့ကံအတိုင်း သွားပါပြီ”

သိကြားမင်းက သူတို့အားလုံးရဲ့ တရားစကားကို ကြားရတော့ ကြည်ညိုပြီး “သင်တို့ဟာ မမေ့မလျော့ မရဏ သညာကို ပွားများကြပါ။ ဒီနေ့ကစပြီး လက်နဲ့ အလုပ်မလုပ် ကြပါနဲ့တော့။ ကျွန်တော်ဟာ သိကြားမင်းပါ။ သင်တို့ရဲ့အိမ်မှာ ရတနာ ၇ ပါးကို အဝိုင်းအတာမရှိအောင် ထည့်ပေးခဲ့ပါမယ်။ ဒါနပြုကြပါ၊ သီလစောင့်ကြပါ၊ ဥပုသ်စောင့်ကြပါ၊ မမေ့ မလျော့ကြပါနဲ့”လို့ ဩဝါဒပေးပြီး အိမ်ကို ရတနာ ၇ ပါးတွေ နဲ့ပြည့်အောင်လုပ်ကာ နတ်ပြည်ပြန်သွားပါတော့တယ်။

သစ္စာလေးပါးကို ဘုရားရှင်ဟောကြားပြီး ဇာတ်ပေါင်း ပါတယ်။ သားသောကရောက်တဲ့ သူကြွယ်ဟာ သောတာပန် ဖြစ်သွားပါတယ်။ ကျွန်မက ခုဇ္ဇုတ္တရာ၊ သမီးက ဥပ္ပလဝဏ်၊ သားက ရာဟုလာ၊ အမေက ခေမာ၊ ဖခင်ပုဏ္ဏားက ငါဘုရား ဖြစ်ခဲ့တယ်။

(ဇာတက၊ ၄၊ ပဉ္စက၊ ဥရဂဇာတက၊ ၁၅၀။)

http://www.dhammadownload.com



# ဘဝပေါင်း တစ်သောင်းလေးထောင်

"လောကမှာ သုသာန်မဖြစ်ဖူးတဲ့နေရာ မရှိပါ။ သစ္စာလေးပါးကိုသိတဲ့ဉာဏ်၊ လောကုတ္တရာတရား၊ မညှဉ်းဆဲမှု၊ သီလစောင့်မှု၊ ဣန္ဒြေတို့ကို ဆုံးမမှုတွေဟာ မသေအောင် (မသေရာရောက်အောင်) လုပ်ပေးတတ်တဲ့ တရားတွေပါပဲ။ အဲဒီဂုဏ်ငါးပါးရှိသူကို ဘုရား စတဲ့ သူတော်ကောင်းတွေချီးကပ်ကြပါတယ်"

ဒီစကားကို ဘုရားရှင်က သုသာန်သန့်သန့်ကြိုက်တဲ့ ဥပသာဠအမည်ရှိ ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြုပြီး ဟောတော်မူခဲ့ပါတယ်။ သူဟာ ကြွယ်ဝချမ်းသာပါတယ်။ မိစ္ဆာအယူရှိသူဖြစ်လို့ ဘုရားရှင်ကို ထောက်ပံ့မှုမပြုပါဘူး။ သူ့သားကတော့ ပညာဉာဏ်ရှိပါတယ်။ သူက အသက်ကြီးလာတဲ့အခါ သူ့သားကို "ချစ်သား ငါ့ကို အခြားလူသေမီးသင်္ဂြိုဟ်ဖူးတဲ့ သုသာန်မှာ မီးမသင်္ဂြိုဟ်ပါနဲ့၊ လူသေမစွန့်ဖူးတဲ့သုသာန်တစ်ခုမှာသာ ငါ့ကို မီးသင်္ဂြိုဟ်ပါ"လို့ ပြောပါတယ်။ "ဖခင်ကျွန်တော်ဟာ ဖခင်ကို မီးသင်္ဂြိုဟ်ထိုက်တဲ့နေရာကို မသိပါ။ ကျွန်တော့်ကို ခေါ်သွားပြီး ဒီနေရာမှာ ငါ့ကို မီးသင်္ဂြိုဟ်လို့ ဖခင်ကိုယ်တိုင်ပဲ ပြောပြရင် ကောင်းပါမယ်"လို့ သားက ပြောပါတယ်။ "ချစ်သား ကောင်းပြီ"လို့ ဖခင်ကပြောကာ သားကိုခေါ်ပြီး မြို့မှထွက်၍ ဂိဇ္ဈကုဋ်တောင်ထိပ်တက်ကာ "ချစ်သား ဒီနေရာဟာ အခြားလူသေကောင် မီးမသင်္ဂြိုဟ်ဖူးတဲ့ နေရာဖြစ်တယ်။ ဒီနေရာမှာ ငါ့ကို မီးသင်္ဂြိုဟ်ပါ"လို့

http://www.dhammadownload.com



ပြောပါတယ်။ ပြီးတော့ သားနဲ့အတူ တောင်ပေါ်က ဆင်းလာကြပါတယ်။

ဘုရားရှင်က အဲဒီနေ့နံနက်မိုးသောက်အခါ ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ကြည့်တော်မူတဲ့အခါ အဲဒီသားအဖ နှစ်ယောက် သောတာပန်ဖြစ်ဖို့ အကြောင်းကံပါလာတာကို မြင်တော်မူပါတယ်။ ဒါကြောင့် လမ်းကိုယူပြီး တည်နေတဲ့ မုဆိုးပမာ တောင်ခြေကိုသွားပြီး တောင်ထိပ်ကဆင်းလာတဲ့ သားအဖကို စောင့်ရင်း ထိုင်နေပါတယ်။ ဆင်းလာတဲ့ သားအဖက ဘုရားရှင်ကို မြင်ပါတယ်။ ဘုရားရှင်က နှုတ်ဆက်စကားပြောကြားလိုလို့ "ပုဏ္ဏား သင်တို့ ဘယ်သွားကြမလို့လဲ"လို့ မေးတော်မူပါတယ်။ သားက အဲဒီအကြောင်းကို ပြောပြပါတယ်။ ဘုရားရှင်က "ဒီလိုဆိုရင် လာ၊ သင့်ဖခင်ပြောတဲ့နေရာကို သွားကြစို့"လို့ မိန့်ကာ သားအဖနှစ်ယောက်ကို ခေါ်ပြီး တောင်ထိပ်ကို တက်သွားပါတယ်။ "ဘယ်နေရာလဲ"လို့ မေးပါတယ်။ သားက တောင်သုံးလုံးရဲ့ အကြားအရပ်ကို ပြောပြပါတယ်။

"လုလင် သင်ရဲ့ဖခင်ဟာ ယခုမှသာ သုသာန်သန့်သန့်ကို ကြိုက်တာမဟုတ်ဘူး၊ ရှေးကလည်း ကြိုက်ခဲ့တယ်။ အဲဒီနေရာမှာ သင်္ဂြိုဟ်ဖို့ သင့်ကို အခုမှသာ သင့်ဖခင်က ပြောတာမဟုတ်ဘူး။ ရှေးကလည်း ပြောခဲ့တယ်"လို့ ဘုရားရှင်က မိန့်ကာ အဖြစ်အပျက်ချင်းဆင်တူတဲ့ အတိတ်ဇာတ်ကြောင်းကို ပြောပြပါတယ်။

အတိတ်ဇာတ်လမ်းမှာ လုလင်အား ဘုရားအလောင်းတော်ရသေ့က "လုလင် ဒီနေရာမှာပဲ မီးသင်္ဂြိုဟ်ခဲ့ရတဲ့ လူတွေရဲ့

http://www.dhammadownload.com



အတိုင်းအတာပမာဏမရှိ၊ သင်ရဲ့ဖခင်ကိုပဲ ဒီရာဇဂြိုဟ်မြို့မှာပဲ ဒီပုဏ္ဏားမျိုးမှာပဲဖြစ်ပြီး ဥပသာဠဆိုတဲ့ နာမည်နဲ့ပဲ ဒီတောင်ကြားမှာပဲ ဘဝပေါင်း တစ်သောင်းလေးထောင် မီးသင်္ဂြိုဟ်ခဲ့ရတယ်။ မှန်တယ်။ ဒီမြေကြီးပေါ်မှာ မီးမသင်္ဂြိုဟ်ဖူးတဲ့နေရာ၊ သုသာန်မဖြစ်ဖူးတဲ့နေရာ၊ ဦးခေါင်းတွေ မမြှုပ်နှံဖူးတဲ့နေရာကို ရဖို့ရာ မတတ်နိုင်ဘူး''လို့ မိန့်တော်မူပါတယ်။

(ဇာတက၊ ဌ၊ ဒုက၊ ၂-သန္ထဝဝဂ်၊ ၆-ဥပသာဠကဇာတ်။)

## သမုဒ္ဒရာရေနဲ့ မျက်ရည်

လူတွေက သူ့ကိုမြင်လို့ ''အရူးမ အရူးမ''လို့ ခေါ်ပြီး အမှိုက်မြေမှုန့်ကိုယူကာ ဦးခေါင်းပေါ်မှာ ကြဲဖြန့်ကြပြီး ခဲတွေနဲ့ ပေါက်ကြပါတယ်။ သူမရဲ့အဝတ် လျှောကျနေရစ်တာကို သူမခမျာ မသိရှာပါဘူး။ သူမအသက် ၂၀ လောက်ပဲ ရှိပါသေးတယ်။ ဇေတဝန်ကျောင်း၊ ပရိသတ်ရှစ်ပါးအလယ်မှာ ထိုင်ပြီး တရားဟောနေတဲ့ ဘုရားက သူမအဝေးကလာနေတာကို မြင်ရပါတယ်။ ''ငါဘုရားမှတစ်ပါး အခြားသူဟာ အားကိုးရာဖြစ်နိုင်သူ မရှိဘူး''လို့ ကြံကာ ဘုရားရှင်က ကျောင်းဘက်ဆီလာအောင် လုပ်ပါတယ်။

ပရိသတ်က သူမကိုမြင်တဲ့အခါ ''ဒီအရူးမကို ဒီနေရာလာခွင့်မပေးနဲ့''လို့ ပြောပါတယ်။ ဘုရားရှင်က ''ဖယ်ကြ၊ သူမကို မတားမြစ်ကြပါနဲ့''လို့ မိန့်ပြီး အနီးကိုရောက်လာတဲ့အခါ ''နှမ သတိရလော့''လို့ မိန့်တော်မူပါတယ်။ သူမဟာ

http://www.dhammadownload.com



အဲဒီခဏမှာပဲ ဘုရားရှင်ရဲ့တန်ခိုးကြောင့် သတိရလာပါတယ်။ အဲဒီအချိန်မှာ သူမရဲ့ကိုယ်မှာ အဝတ်မပါမှန်း သတိရကာ အရှက်အကြောက်ဝင်လာပြီး ဆောင့်ကြောင့်ထိုင်ပါတယ်။ အဲဒီအခါ သူမအား ယောကျ်ားတစ်ယောက်က အပေါ်ရုံအဝတ်ကို ချပေးပါတယ်။ သူမဟာ အဲဒီအဝတ်ကို ဝတ်ပြီး ဘုရားရှင်ကို ချဉ်းကပ်ကာ ရွှေအဆင်းရှိတဲ့ ဘုရားခြေတော်အစုံကို ထိခြင်းငါးပါးနဲ့ရှိခိုးကာ "မြတ်စွာဘုရား တပည့်တော်ရဲ့ အားကိုးမှီခိုရာ ထောက်တည်ရာ ဖြစ်တော်မူပါ။ တပည့်တော်ရဲ့ သားတစ်ယောက်ကို စွန်က ချီသွားပါတယ်။ သားတစ်ယောက်က ရေထဲမျောပါသွားပါတယ်။ လင်က လမ်းမှာ မြွေကိုက်လို့ သေပါတယ်။ မိဘနှစ်ပါးနဲ့ အစ်ကိုက လေကြီးမိုးကြီးကျလို့ အိမ်ပိပြီး သေကြပါတယ်"လို့ လျှောက်ပါတယ်။

ဘုရားရှင်က သူမရဲ့စကားကိုကြားရတော့ "ပဋာစာရာ တွေးပူမနေနဲ့။ သင့်ရဲ့ အားကိုးအားထားမှီခိုထိုက်တဲ့သူထံ သင်ရောက်နေပြီ။ သင့်သားတွေ၊ သင့်ခင်ပွန်း၊ သင့်မိဘ၊ သင့်အစ်ကိုတွေ ယခုသေကြသလို ဒီသံသရာမှာ သားစသူတွေ သေလို့ ကျခဲ့ရတဲ့ မျက်ရည်တွေဟာ သမုဒ္ဒရာလေးစင်းက ရေတွေထက် ပိုပြီးများပါတယ်။ ဘာကြောင့် မေ့လျော့နေရတာလဲ" မိန့်ပြီး အနမတဂ္ဂဒေသနာကို ဟောကြားတဲ့အခါ သူမှာ သောကလျော့သွားပါတယ်။ သောကလျော့ပါးသွားတာကို ဘုရားရှင်ကသိလို့ "ပဋာစာရာ သား စသူတွေဟာ တမလွန်လောကသွားသူအတွက် အားကိုးရာ အားထားရာ မှီခိုရာ မဖြစ်နိုင်ကြဘူး။ ဒါကြောင့် သူတို့ဟာ ရှိကြပေမယ့် ရှိကြတယ်လို့

http://www.dhammadownload.com



မဆိုနိုင်ဘူး။ ပညာရှိသူဟာ သီလကို သုတ်သင်ပြီး နိဗ္ဗာန်သွား လမ်းကို အမြန်ပဲ သုတ်သင်သင့်တယ်''လို့ မိန့်လိုက်ရာ ပဋာစာရာ ဟာ သောတာပန်ဖြစ်သွားပါတယ်။ နောင်သောအခါ ရဟန္တာမ ကြီး ဖြစ်သွားပါတယ်။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၄၄၁။)

## ရှင်လျက်သေသူ

သတိနဲ့ပြည့်စုံတဲ့ မမေ့မလျော့သူတွေဟာ မသေကြပါ ဘူး။ မအိုသူ မသေသူတွေရှိတယ်လို့တော့ မမှတ်ထိုက်ပါ။ မှန်ပါတယ်။ မအိုမသေသူဆိုတာ တစ်ယောက်မျှ မရှိပါဘူး။ မေ့လျော့သူဟာ ဝဋ်ဆင်းရဲကို မပိုင်းဖြတ်နိုင်ပါ။ မမေ့မလျော့ သူကတော့ ဝဋ်ဆင်းရဲကို ပိုင်းဖြတ်နိုင်ပါတယ်။ ဒါကြောင့် မေ့လျော့သူတွေဟာ ဇာတိစတဲ့ ဒုက္ခတွေက မလွတ်ကြသေးလို့ အသက်ရှင်နေကြပေမယ့် သေနေကြသူတွေပဲ ဖြစ်ပါတယ်၊ မမေ့မလျော့သူတွေကတော့ သတိကိုပွားပြီး လျင်မြန်စွာ မဂ် ဖိုလ်တွေကို မျက်မှောက်ပြုကာ ဒုတိယဘဝ၊ တတိယဘဝတွေ မှာ မဖြစ်ကြတော့ပါဘူး။ ဒါကြောင့် မမေ့မလျော့သူတွေဟာ သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ မသေကြသူတွေမည်ပါတယ်။

မေ့လျော့နေကြတဲ့ လူဝတ်ကြောင်တွေမှာ ''ဒါနပြု မယ်၊ သီလစောင့်မယ်၊ ဥပုသ်စောင့်မယ်''လို့ တစ်စိတ်ကလေး တောင်မဖြစ်ပါ။ မေ့လျော့နေတဲ့ရှင်ရဟန်းတွေမှာလည်း ''ဆရာ့ ဝတ် ဥပဇ္ဈာယ်ဝတ် စတဲ့ဝတ်တွေကို ဖြည့်ကျင့်မယ်၊ ခုတင် ဆောက်တည်မယ်၊ ဘာဝနာပွားမယ်''လို့ စိတ်မဖြစ်ပါ။ အဲဒီ

http://www.dhammadownload.com



မေ့လျော့နေတဲ့ ရဟန်းရှင်လူတွေဟာ သေတဲ့သူတွေနဲ့ ဘာထူး ကြသေးလို့လဲ၊ မေ့လျော့သူတွေဟာ သေသူတွေနဲ့ တူကြပါတယ်။ မေ့လျော့သူဟာ ဇာတိကို မလွန်နိုင်၊ ဇာတိရှိသူဟာ ဇရာ မရဏကို မလွန်နိုင်ပါ။ ဒါကြောင့် မေ့လျော့တာဟာ သေခြင်းရဲ့အကြောင်းဖြစ်ပါတယ်။ မမေ့မလျော့တာကတော့ မသေရာနိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်ပါတယ်။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၁၄၆။)

## သေခါနီးနဲ့ သားသမီး

သေရာညောင်စောင်းပေါ် လဲလျောင်းနေသူမှာ သေစေနိုင်တဲ့ ရောဂါဝေဒနာတွေက မီးတောက်မီးလျှံတွေပမာ လောင်မြိုက်ခံနေရတဲ့အခါ ခန္ဓာကိုယ်က အဆက်အစပ် အနှောင်အဖွဲ့တွေ ပြတ်ကုန်ပါတယ်။ အရိုးစုတွေ ကွဲကုန်ပါတယ်။ ဒီဘဝကို မျက်စိမှိတ်ပြီး နောက်ဘဝကို မျက်စိဖွင့်ကြည့်နေပါတယ်။ နေ့တိုင်း နေ့တိုင်း နှစ်ကြိမ်ရေချိုးပေးပြီး သုံးကြိမ်အစာကျွေးကာ ပန်းနံ့သာ စသည်တွေနဲ့ တန်ဆာဆင်ပြီး တစ်သက်လုံးကျွေးမွေးစောင့်ရှောက်ခဲ့ရတဲ့ မိမိကိုယ်ခန္ဓာဟာ အဲဒီအခါ ကိုယ့်ကို သာယာခြင်းအနေနဲ့ ဒုက္ခမှလွတ်အောင် မကာကွယ် မစောင့်ရှောက် မကူညီနိုင်ပါ။ ကိုယ့်ရဲ့ခန္ဓာကိုယ်တောင် အားကိုးလို့မရရင် သားသမီး ပစ္စည်းတွေဆိုတာ ပြောစရာ မလိုတော့ပါ။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၂၉၈။)

http://www.dhammadownload.com



# ဘုရားရှင်နဲ့ ရှင်တိဿ

ဘုရားရှင်ဟာ ၇ နှစ်အရွယ်ရှိ တောကျောင်းနေ ကိုရင် တိဿရဲ့နေရာကို ကြွသွားပြီး ရှင်တိဿနဲ့အတူ တောင်ထိပ် ပေါ် တက်သွားပါတယ်။ တောင်ထိပ်ပေါ်ရပ်နေသူတွေမှာ မဟာသမုဒ္ဒရာကို ထင်ထင်ရှားရှား မြင်တွေ့ရပါတယ်။ ဘုရား ရှင်က ရှင်တိဿကိုမေးလို့ ရှင်တိဿက ဖြေပါတယ်။

"တိဿ တောင်ထိပ်ပေါ်ရပ်နေရင်း ဟိုဟိုဒီဒီကြည့်တဲ့ အခါ ဘာကိုမြင်ရသလဲ"

"မဟာသမုဒ္ဒရာကို မြင်ရပါတယ်ဘုရား"

"မဟာသမုဒ္ဒရာကိုမြင်တော့ တိဿမှာ ဘယ်လို အတွေးပေါ်မိသလဲ"

"ဒုက္ခရောက်တဲ့အခါ ငိုခဲ့ရတဲ့ တပည့်တော်ရဲ့ မျက် ရည်ဟာ မဟာသမုဒ္ဒရာ ၄ စင်းထက် ပိုပြီးများမယ်လို့ အတွေး ပေါ်မိပါတယ်ဘုရား"

"သာဓု သာဓု တိဿ။ အဲဒီအတိုင်းမှန်ပေတယ်။ သတ္တဝါ တစ်ယောက် တစ်ယောက်ရဲ့ ဒုက္ခရောက်လို့ကျတဲ့ မျက်ရည်ဟာ မဟာသမုဒ္ဒရာ ၄ စင်းက ရေတွေထက် ပိုများ တယ်"

"တိဿ သင် ဘယ်မှာနေသလဲ"

"ဒီတောင်ဝှမ်းမှာ နေပါတယ်ဘုရား"

"အဲဒီတောင်ဝှမ်းမှာနေတဲ့အခါ ဘယ်လိုအတွေးပေါ်မိ သလဲ"

http://www.dhammadownload.com



"ငါသေလို့ ဒီနေရာမှာ မြှုပ်ခဲ့ရတဲ့ ငါ့အလောင်းဟာ အပိုင်းအခြားမရှိလို့ တွေးမိပါတယ်ဘုရား"

"သာဓု သာဓု တိဿ အဲဒီအတိုင်း မှန်ပေတယ်။ ဒီသတ္တဝါတွေ မြေကြီးပေါ် လဲလျောင်းပြီး မသေဖူးတဲ့နေရာ မရှိဘူး"

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၄၁/၂။)

## အသုံးမဝင်တဲ့ထင်း

မကြာခင် ဒီခန္ဓာကိုယ်ကြီးဟာ ပကတိအိပ်ခြင်းနဲ့ အိပ်ရာဖြစ်တဲ့ ဒီမြေကြီးပေါ်မှာ အိပ်ရပါလိမ့်မယ်။ သေသွားတဲ့အခါ အစွန့်ပစ်ခံရပါလိမ့်မယ်။ ဥပမာ အသုံးမဝင်တော့တဲ့ ထင်းစလိုပါပဲ။

သစ်သားအလိုရှိတဲ့လူတွေက တောကိုဝင်ပြီး ဖြောင့်တဲ့သစ်သားကို ဖြောင့်တဲ့ပုံသဏ္ဌာန်နဲ့၊ ကောက်တဲ့သစ်သားကို ကောက်တဲ့ပုံသဏ္ဌာန်နဲ့ ဖြတ်တောက်ကာ သစ်သားတွေကို ယူကြပါတယ်။ ကျန်တဲ့ အခေါင်းပါတဲ့သစ်သား၊ ပုပ်ဆွေးတဲ့သစ်သား၊ အနှစ်မရှိတဲ့သစ်သား၊ အဖုအထစ် အထုံးအဖွဲ့ပါတဲ့ သစ်သားတွေကို ဖြတ်ပြီး အဲဒီတောထဲမှာပဲ စွန့်ပစ်သွားကြပါတယ်။ အခြားသစ်သားလိုချင်သူတွေက လာပြီး အဲဒီ မကောင်းတဲ့သစ်သားကို ယူတယ်ဆိုတာ မရှိပါ။ ကြည့်ပြီး ကျေးဇူးများမယ့်သစ်သားကိုသာ ယူသွားကြပါတယ်။ ကျန်တာတွေကတော့ မြေကြီးပေါ်မှာပဲ တည်ရှိနေရစ်ပါတယ်။ အဲဒီ

http://www.dhammadownload.com



အသုံးမဝင်တဲ့ သစ်သားကမှ တစ်နည်းနည်းနဲ့ ညှောင်စောင်း အခြေ၊ ခြေဆေးအင်းပျဉ်အဖြစ် လုပ်လို့ ရချင်ရနိုင်ပါသေးတယ်။ ဒီခန္ဓာကိုယ်ရဲ့ ဆံပင် မွေးညင်း စတဲ့ ၃၂ မျိုးသော အစိတ်အပိုင်းတွေကတော့ လုံးဝ သုံးလို့မရနိုင်တော့တဲ့ ထင်းစ လေးပမာ ဖြစ်နေပါတော့တယ်။

(ဓမ္မပဒ၊ ၄၊ ပ၊ ၂၀၄။)

## မေ့မောသူနဲ့ သေမင်း

"မြတ်စွာဘုရား မြတ်စွာဘုရားဟာ တပည့်တော်သား အတွက် ဆေးကို သိပါသလား"

"အေး သိတယ်"

"ဘာကို ရသင့်ပါသလဲဘုရား"

"တစ်လက်ဆုပ်လောက် မုန်ညင်းစေ့တွေကို ရသင့်တယ်"

"ရပါမယ်ဘုရား၊ ဘယ်သူ့အိမ်က ရသင့်ပါသလဲ ဘုရား"

"သားဖြစ်စေ သမီးဖြစ်စေ တစ်ယောက်မျှ မသေဖူးတဲ့ အိမ်က ရသင့်တယ်"

"ကောင်းပါပြီဘုရား"လို့ ကိသာဂေါတမီက လျှောက်ထားကာ ဘုရားရှင်ကို ရှိခိုးပြီး သားသေလေးကို ရင်ခွင်မှာ ပိုက်ကာ ရွာတွင်းကိုဝင်သွားပါတယ်။ ပထမအိမ်ရဲ့တံခါးမှာ ရပ်တည်ပြီး "ဒီအိမ်မှာ မုန်ညင်းစေ့ရှိပါသလား၊ အဲဒီမုန်ညင်း

http://www.dhammadownload.com



စေ့ဟာ ကျွန်မသားလေးအတွက် ဆေးဖြစ်ပါသတဲ့''လို့ ပြောကာ ''ရှိတယ်''လို့ ပြောတဲ့အခါ ''ဒီလိုဆိုရင် ပေးပါ''လို့ ပြောပါတယ်။ အိမ်ရှင်တွေက မုန်ညင်းစေ့တွေကို ယူလာကြတဲ့အခါ ''ဒီအိမ်မှာ သားဖြစ်စေ သမီးဖြစ်စေ သေဖူးသူ တစ်ယောက်မှုမရှိဘူးလား''လို့ မေးလို့ ''ကလေးမ ဘယ့်နှယ် ပြောပါလိမ့်၊ အသက်ရှင်သူတွေက နည်းနည်းပဲ သေသူတွေက အများကြီးပဲ''လို့ ပြောကြပါတယ်။ ''ဒီလိုဆိုရင် သင်တို့ရဲ့ မုန်ညင်းစေ့တွေကို ပြန်ယူကြ၊ အဲဒါဟာ ငါ့အတွက် ဆေးမဟုတ်ဘူး''လို့ ပြောကာ ပြန်ပေးပါတယ်။

ကိသာဂေါတမီဟာ အဲဒီနည်းနဲ့ အစကစပြီး မေးကာ လှည့်လည်ပါတယ်။ တစ်အိမ်မှာမှ မုန်ညင်းစေ့ကို မရလို့ ညနေရောက်တော့ ''ဩော် ဝန်လေးတဲ့အလုပ်ပဲ၊ ငါဟာ ငါ့ရဲ့သားလေးသာ သေတယ်လို့ ထင်ခဲ့တယ်။ တစ်ရွာလုံးမှာလည်း အသက်ရှင်သူတွေထက် သေသူတွေကပဲ ပိုများတယ်''လို့ နားလည်လာပြီး သားလေးအပေါ် ချစ်တဲ့ နူးညံ့တဲ့ နှလုံးသားဟာ ကြမ်းတမ်းသွားပါတယ်။ သူမဟာ သားလေးကို တောထဲမှာ စွန့်ပစ်ခဲ့ပြီး ဘုရားရှင်ထံသွားကာရှိခိုးပြီး တစ်နေရာမှာ ရပ်တည်နေပါတယ်။

အဲဒီအခါ ဘုရားရှင်က ''လက်တစ်ဆုပ်စာလောက် မုန်ညင်းစေ့တွေကို ရသလား''လို့ မေးလို့ ''မရပါဘုရား၊ တစ်ရွာလုံးမှာ အသက်ရှင်သူတွေထက် သေသူတွေကပဲ ပိုများပါတယ်''လို့ လျှောက်ပါတယ်။ အဲဒီအခါ ဘုရားရှင်က ဒီလို မိန့်တော်မူပါတယ်။

http://www.dhammadownload.com



"သင်က သင်ရဲ့သားသာ သေတယ်လို့ထင်ခဲ့တယ်၊ သေတယ်ဆိုတာ သတ္တဝါတွေအတွက် မြဲတဲ့သဘောပဲ။ သေမင်းဟာ သတ္တဝါတွေအားလုံးကို အလိုဆန္ဒတွေ မပြည့်ဝမီမှာပဲ ရေအလျဉ်ကြီးပမာ ဆွဲငင်ပြီး အပါယ်သမုဒ္ဒရာမှာ ပစ်ချတယ်"

"သားနဲ့မေ့၊ သမီးနဲ့မေ့၊ ဇနီးနဲ့မေ့၊ ပစ္စည်းနဲ့မေ့ပြီး မရသေးတဲ့အာရုံကို မျှော်လင့်၊ ရပြီးအာရုံမှာ တပ်စွဲမက်မောနေသူကို ကြီးစွာသော ရေအလျဉ်က အိပ်ပျော်နေသူ ရွာသူရွာသားတွေကို သမုဒ္ဒရာထဲ သယ်ဆောင်သွားသည့်ပမာ သေမင်းက သယ်ဆောင်သွားတယ်"

ဒီတရားရဲ့အဆုံးမှာ သူမဟာ သောတာပန်ဖြစ်သွားပါတယ်။ နောင်သောအခါ ရဟန္တာမကြီးဖြစ်သွားပါတယ်။

(ဓမ္မပဒ၊ ဠ၊ ပ၊ ၄၄၄)

# ပန်း

ပန်းကုံးသူဟာ ပန်းခြံထဲဝင်ပြီး "ပန်းတွေကို ခူးမယ်" လို့ တွေးကာ ပန်းခြံထဲက ပန်းတွေကို ခူးပါတယ်။ ပြီးတော့ အခြားအခြား ပန်းချုံကို တောင့်တပြီး ပန်းခြံတစ်ခြံလုံးမှာ စိတ်ကိုလွှတ်ထားပါတယ်။ "ဒီချုံ ဒီချုံက ပန်းတွေကို ခူးမယ်" လို့တွေးကာ ပန်းတွေကို မခူးဘဲ အခြားပန်းချုံတွေမှာ စိတ်လွှတ်ထားပါတယ်။ အဲဒီပန်းချုံကိုပဲ ခူးရင်း မေ့နေပါတယ်။

အဲဒီလိုပါပဲ တချို့သူက ပန်းခြံနဲ့တူတဲ့ ကာမဂုဏ်တွေရဲ့ အလယ်မှာ သက်ဆင်းကာ စိတ်ပျော်စရာ အဆင်း

http://www.dhammadownload.com



အာရုံကို ရပြီးတဲ့အခါ စိတ်ပျော်စရာ အသံ အနံ့ အရသာ အတွေ့အထိတွေထဲက တစ်ခုခုကို တောင့်တပါတယ်။ ကာမဂုဏ်အာရုံငါးပါးထဲက တစ်ခုခုကိုရရင် အခြားတစ်ခုခုကို တောင့်တပါတယ်။ တစ်ခုခုကိုရပြီး အခြားဟာကို မတောင့်တရင် အဲဒီ ရပြီးအာရုံကိုပဲ သာယာမက်မောတွယ်တာနေပါတယ်။ နွား၊ ကျွဲ၊ ကျွန်ထီး၊ ကျွန်မ၊ လယ်ယာ၊ ရွာ၊ နိဂုံး၊ ဇနပုဒ် စသည်တွေမှာ ဒီအတိုင်းပါပဲ။ ရှင်ရဟန်းတွေအတွက်လည်း ကျောင်း၊ ပရိဝုဏ်၊ သပိတ်၊ သင်္ကန်း စတာတွေမှာ နည်းတူပါပဲ။ အဲဒီလို ကာမဂုဏ်ငါးပါးပန်းတွေကို ဆွတ်ခူးရင်း မရသေးတာကို တောင့်တ၊ ရပြီးသားကို သာယာကာ ကာမဂုဏ်တွေကို ရှာလို့မဝ၊ ရလို့မဝ၊ သုံးလို့မဝ၊ သိမ်းလို့မဝ ဖြစ်နေတဲ့ သတ္တဝါအပေါင်းကို သေမင်းက သူ့အလိုပါအောင် ဆွဲဆောင်သွားပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၂၇/၉၊ ၂၃၂။)

# မာန်

“ငါဟာ သေခြင်းသဘောရှိတယ်၊ သေခြင်းကို ငါ မကျော်လွန်နိုင်ဘူး”လို့ ယောကျ်ားရော မိန်းမရော လူဝတ်ကြောင်ရော ရှင်ရဟန်းရော အမြဲဆင်ခြင်ရမယ်။

သတ္တဝါတွေမှာ အသက်ရှင်နေမှုကို အကြောင်းပြုပြီး မာန်တက်ကြပါတယ်။ အဲဒီမာန်ကြောင့် မလုပ်ကောင်းတာတွေကို လုပ်ကြပါတယ်။ မပြောကောင်းတာတွေကို ပြောကြ

http://www.dhammadownload.com



ပါတယ်။ မကြံကောင်းတာတွေကို ကြံကြပါတယ်။ အဲဒီအချက်ကို အမြဲဆင်ခြင်ရင် အဲဒီမာန် အကုန်လုံးရင်လည်း ပပျောက်သွားမယ်။ နည်းရင်လည်း နည်းပါးသွားမယ်။

"ငါသာ သေခြင်းသဘောရှိတာမဟုတ်၊ သေခြင်းကို မကျော်လွန်နိုင်တာမဟုတ်၊ ဘဝရလာသူမှန်သမျှ သေခြင်းသဘောရှိကြတယ်။ သေခြင်းကို မကျော်လွန်ကြဘူး"လို့ ဒီအချက်ကို အမြဲဆင်ခြင်သူမှာ မဂ်ဖြစ်ပေါ်လာပါတယ်။ မဂ်ကို မှီဝဲ၊ ပွားများ၊ ကြိမ်ဖန်များစွာပြုရင် သံယောဇဉ်အကုန်လုံး ကင်းပါမယ်။ အနုသယကိလေသာတွေ ကင်းပါမယ်။

(အင်္ဂုတ္တရ၊ ပဉ္စက၊ ၆၃။)

## မြား

သေခြင်းသဘောကို "မသေပါနဲ့"လို့ ရဟန်း၊ ပုဏ္ဏား၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာတွေ မလုပ်နိုင်။ လောကမှာ ဘယ်သူမှ မလုပ်နိုင်။

အကြားအမြင်မရှိတဲ့ ပုထုဇဉ်မှာ သေတဲ့အခါ ဒီလို မဆင်ခြင်မိပါဘူး။

"ငါတစ်ယောက်တည်းမှာသာ သေရတာမဟုတ်၊ ဘဝရလာတဲ့ သတ္တဝါမှန်သမျှ သေရတယ်၊ ငါသေရမှာမို့ ဝမ်းနည်းရင်၊ ပင်ပန်းရင်၊ ငိုကြွေးရင်၊ ရင်ဘတ်တီးကာ ဟစ်အော်ရင်၊ တွေဝေမိန်းမောနေရင် ငါအစားပျက်မယ်၊ အလှပျက်မယ်၊ အလုပ်ပျက်မယ်၊ ရန်သူတွေ ဝမ်းသာကြမယ်၊ မိတ်ဆွေတွေ ဝမ်းနည်းကြမယ်"

http://www.dhammadownload.com



အဲဒီလို မစဉ်းစားလို့ အကြားအမြင်မရှိတဲ့ အဲဒီပုထုဇဉ် ဟာ သေခါနီးအခါ ဝမ်းနည်းတယ်၊ ပင်ပန်းတယ်၊ ငိုတယ်၊ ရင်ဘတ်တီးကာ အော်ဟစ်တယ်၊ တွေဝေမိန်းမောတယ်၊ အဆိပ်ပါတဲ့ သောကမြားနဲ့ အပစ်ခံရလို့ ကိုယ့်ကိုယ်ကို ပူလောင်စေတယ်။

အကြားအမြင်ရှိတဲ့ အရိယသာဝကတော့ ပြောင်းပြန်ပါပဲ။ စဉ်းစားတတ်လို့ သေခါနီးမှာ မဝမ်းနည်း၊ မပင်ပန်း၊ မငို၊ ရင်ဘတ်တီးကာ မဟစ်အော်၊ မတွေဝေ မမိန်းမော၊ အဆိပ်ပါတဲ့ သောကမြားကို ပယ်နုတ်ပါတယ်။ သောကကင်းမြားကင်းပြီး ကိုယ့်ကိုယ်ကို ငြိမ်းချမ်းစေပါတယ်။

(အင်္ဂုတ္တရ၊ ပဉ္စကပါဠိ၊ ၅၃/၅၄။)

## အသေကောင်း

ကိစ္စမများ၊ စကားနည်းစေ၊
အိပ်နေမှုနည်း၊ ကိုယ်တည်းပျော်လေ၊
ရောနှောမှုကင်း၊ ချဲ့ခြင်းရှောင်လေ၊
အနေကောင်း၊ အကြောင်းဂုဏ်ခြောက်ထွေ၊
အသေကောင်း၊ အကြောင်းဂုဏ်ခြောက်ထွေ။

(အင်္ဂုတ္တရ၊ ဆက္ကပါဠိ၊ ၂၅၉။)

http://www.dhammadownload.com



# ကျွန်း

အသက် ၁၂၀ ရှိ ပုဏ္ဏားအိုကြီးနှစ်ယောက် ဘုရားရှင်ထံ ရောက်လာပြီး "အရှင်ဂေါတမ ကျွန်ုပ်တို့ဟာ အသက် ၁၂၀ ရှိ ပုဏ္ဏားအိုကြီးတွေ ဖြစ်ကြပါတယ်။ ကုသိုလ်ကောင်းမှု မပြုရသေးပါဘူး။ အကြောက်ကို ကာကွယ်ပေးတဲ့ တရားတွေကိုမပြုလုပ်ရသေးပါ။ အရှင်ဂေါတမက ကျွန်ုပ်တို့အား ကာလကြာမြင့်စွာ စီးပွားချမ်းသာပေးမယ့် အဆုံးအမ အသွန်အသင်တွေကို ပေးတော်မူပါ"လို့ လျှောက်ကြပါတယ်။

သားသမီးတွေက သူတို့ရဲ့စကားကို နားမထောင်ကြတာကို တွေ့ရလို့ အရှင်ဂေါတမထံသွားကာ ဒုက္ခမှလွတ်ကြောင်းလမ်းကို ရှာမယ်လို့ကြံကာ ဘုရားရှင်ထံ ရောက်လာကြပါတယ်။ အသက်ကြီးနေကြလို့ ရဟန်းဝတ်ကာ ရဟန်းကျင့်ဝတ် မကျင့်နိုင်ကြမှာမို့ ငါးပါးသီလကို စောင့်စေလိုတဲ့အတွက် အောက်ပါတရားကို ဟောကြားလိုက်ပါတယ်။

"ပုဏ္ဏားတို့ သင်တို့ဟာ အသက် ၁၂၀ ရှိပြီး အိုနေကြပြီ။ ကုသိုလ်ကောင်းမှုကို မလုပ်ကြရသေးဘူး။ အကြောက်ကာကွယ်ရေးတရားတွေကို မလုပ်ကြရသေးဘူး။ ဒီလောကသားတွေကို အို နာ သေက ဆောင်နေတယ် (ဇာတိက ဇရာသို့၊ ဇရာက ဗျာဓိသို့၊ ဗျာဓိက မရဏသို့၊ မရဏက ဇာတိသို့ ဆောင်နေတယ်။) ကိုယ် နှုတ် စိတ်ကို စောင့်စည်းရင် အဲဒီစောင့်စည်းမှုဟာ တမလွန်ဘဝသွားသူအတွက် အားကိုးရာ၊ မှီခိုရာ၊ ထောက်တည်ရာ ကျွန်းသဖွယ်ဖြစ်တယ်"လို့ ဘုရားရှင်

http://www.dhammadownload.com



က ဟောကြားတော်မူပါတယ်။ ၅ ပါးသီလစောင့်ဖို့ ဟောတဲ့ ဒီဒေသနာအရ ပုဏ္ဏားနှစ်ယောက်ဟာ ငါးပါးသီလကို တစ်သက်လုံးစောင့်ကာ နတ်ပြည်ရောက်သွားကြပါတယ်။

(အင်္ဂုတ္တရ၊ ဒုကပါဠိ၊ ၁၅၄။)

## ဘေး

သေနေတဲ့သားကို အမေက "ငါ့သားအစား ငါသေပါမယ်၊ ငါ့သား မသေပါနဲ့"လို့ လုပ်လို့မရပါ၊ သေနေတဲ့အမေကို သားကလည်း "ငါ့အမေအစား ငါသေပါမယ်။ ငါ့အမေ မသေပါနဲ့"လို့ လုပ်လို့မရပါ။ အို နာတွေမှာလည်း ဒီအတိုင်းပါပဲ။

အို နာ သေကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ဒီဘေး ၃ ပါးဟာ အမေကလည်း သားကို မကယ်နိုင်တဲ့ဘေး၊ သားကလည်း အမေကို မကယ်နိုင်တဲ့ဘေးတွေ ဖြစ်ပါတယ်။ ဒီဘေးတွေကို လွှန်မြောက်နိုင်ဖို့ရာ အကျင့်လမ်းရှိပါတယ်။ အဲဒါကတော့ မဂ္ဂင်ရှစ်ပါးပါပဲ။

(အင်္ဂုတ္တရ၊ တိကပါဠိ၊ ၁၈၀။)

## အိမ်

အနာထပိဏ်သူကြွယ်က ဘုရားရှင်ထံသွားပြီး ဘုရားရှင်ကို ရှိခိုးကာ သင့်တင့်တဲ့နေရာမှာ ထိုင်နေပါတယ်။ ဘုရားရှင်က အနာထပိဏ်သူကြွယ်ကို ဒီလိုမိန့်တော်မူပါတယ်။

http://www.dhammadownload.com



"သူကြွယ် စိတ်ကို မစောင့်ရှောက်ရင် ကာယကံ၊ ဝစီကံ၊ မနောကံတွေကိုလည်း မစောင့်ရှောက်ရာရောက်တယ်။ ကံသုံးပါးကို မစောင့်ရှောက်ရင် ကိလေသာတွေနဲ့ စိုစွတ်တယ်။ ကံသုံးပါးလုံး ကိလေသာတွေနဲ့ စိုစွတ်နေရင် ကံသုံးပါးလုံးဟာ ပုပ်နေတယ်။ ကံပုပ်နေသူရဲ့ သေခြင်းဟာ မကောင်းပါ။

"သူကြွယ် ဥပမာအားဖြင့် အထွတ်ရှိတဲ့အိမ်ဟာ အမိုး မကောင်းရင် အထွတ်၊ အခြင်ရနယ်၊ နံရံတွေကို မစောင့် ရှောက်ရာရောက်ပါတယ်။ အထွတ်၊ အခြင်ရနယ်၊ နံရံတွေဟာ မိုးစိုပါတယ်။ ပုပ်ဆွေးပျက်စီးလည်း ပုပ်ဆွေးပျက်စီး ပါတယ်။ အဲဒီလိုပါပဲ"

စိတ်ကို စောင့်ရှောက်ရင် ပြောင်းပြန်အားဖြင့် ဟော တော်မူပါတယ်။

(အင်္ဂုတ္တရ၊ တိကပါဠိ၊ အရက္ခိတသုတ္တ၊ ၂၆၄။)

## ယမမင်းနဲ့ သေမင်းတမန်

ရဟန်းတို့ ယမမင်းဟာ သူ့အို သူနာလို့ခေါ်တဲ့သေမင်း တမန်နှစ်ဦးအကြောင်း မေးမြန်းစုံစမ်းပြီးတဲ့အခါ တတိယ သေမင်းတမန်ကို ငရဲသားအား မေးမြန်းစုံစမ်းပါတယ်။

"အမောင်ငရဲသား လူ့လောကမှာ တတိယသေမင်း တမန် ပေါ်ထွန်းနေတာကို မမြင်ခဲ့ဘူးလား"

"မမြင်ခဲ့ဖူးပါ ယမမင်း"

"အမောင်ငရဲသား လူ့လောကမှာ သေပြီးနောက် တစ် ရက်ကြာ၊ နှစ်ရက်ကြာ၊ သုံးရက်ကြာ ယောကျ်ားအလောင်း

http://www.dhammadownload.com



ကောင်၊ မိန်းမအလောင်းကောင်၊ ဖူးဖူးရောင်ပုပ် စက်ဆုပ်ဖွယ်ရာ အလောင်းကောင်၊ ဖြူနီစပ်တွဲ ညိုမည်းမည်းပုပ်နေတဲ့ အလောင်းကောင်၊ ပြည်တစိုစို ပေါက်ကွဲယိုနေတဲ့ အလောင်းကောင်ကို သင်မမြင်ခဲ့ဘူးလား''

''မြင်ခဲ့ဖူးပါတယ် ယမမင်း''

''အမောင်ငရဲသား သိတတ်လာပြီ၊ အသက်ကြီးလာတဲ့ သင့်မှာ ''ငါဟာ သေခြင်းသဘောရှိတယ်၊ သေခြင်းကို မလွန်မြောက်နိုင်ဘူး၊ မသေခင် ယခုနှယ်က ကိုယ် နှုတ် စိတ်နဲ့ ကောင်းမှုကို ပြုမယ်''လို့ မတွေးမိဘူးလား''

''ယမမင်း ကျွန်တော်ဟာ မစွမ်းနိုင်ခဲ့ပါ၊ မေ့လျော့ခဲ့ပါတယ်''

''အမောင်ငရဲသား သင် မေ့လျော့လို့ ကိုယ် နှုတ် စိတ်နဲ့ ကောင်းမှုကို မလုပ်ခဲ့ဘူး၊ မကောင်းမှုကို သင်ကိုယ်တိုင်ပဲ လုပ်ခဲ့တယ်၊ အဲဒီမကောင်းမှုကို မိဘ၊ အစ်ကို၊ ညီ၊ အစ်မ၊ နှမ၊ မိတ်ဆွေ၊ ဆွေမျိုး၊ နတ်၊ ရဟန်း၊ ပုဏ္ဏားတွေက လုပ်တာမဟုတ်၊ သင်ပဲလုပ်ခဲ့တဲ့ မကောင်းမှုရဲ့အကျိုးကို သင်ပဲ ခံပေတော့''လို့ ပြောပါတယ်။

(အင်္ဂုတ္တရ၊ တိကပါဠိ၊ ၆-ဒေဝဒူတသုတ်၊ ၁၃၉။)

## အသင်တို့လည်း ကျွန်တော်လိုပဲ

တတိယသေမင်းတမန်ဖြစ်တဲ့ အသေကောင်က အဓိပ္ပာယ်အားဖြင့် ဒီလိုပြောပြနေသည် မည်ပါတယ်။

http://www.dhammadownload.com



"အမောင်တို့ အမိတို့ သုသာန်မှာ စွန့်ပစ်ခံရပြီး ဖူးဖူးရောင်ပုပ်ကာ ညိုမည်းပြီး ပြည်တစိုစိုထွက်နေတဲ့ ကျွန်တော့်ကို ကြည့်ကြပါ။ ကျွန်တော်ဟာ သေခြင်းက မလွတ်မြောက်နိုင်သေးလို့ ဒီလိုဖြစ်နေရပါတယ်။ တကယ်တော့ ကျွန်တော်သာ မဟုတ်ပါဘူး အသင်တို့လည်းသေခြင်းက မလွတ်မြောက်နိုင်ကြသေးပါဘူး။ ကျွန်တော့်မှာ သေခြင်းဟာ ဆိုက်ရောက်လာခဲ့သလို အသင်တို့ထံလည်း သေခြင်းဟာ ဆိုက်ရောက်လာပါလိမ့်မယ်။ အဲဒီသေခြင်း မဆိုက်ရောက်လာမီကပဲ ကောင်းမှုကို ပြုထားကြပါ"

ဒါကြောင့်ပဲ အသေကောင်ဟာ သေမင်းတမန်အမည်ရပါတယ်။

(ဒေဝဒူတသုတ်အဖွင့်၊ ၁၂၀။)

## အဝတ်

ယမမင်းရဲ့ ဒီလိုသေမင်းတမန် ၃ မျိုးနဲ့ စစ်ဆေးမေးမြန်းတာကို မကောင်းမှုအနည်းငယ်ပြုခဲ့တဲ့သူတွေ ခံယူကြရပါတယ်။ မကောင်းမှုများစွာကို ပြုခဲ့သူတွေကတော့ ငရဲတန်းသွားပြီး ငရဲမှာ ဖြစ်ကြရတာပါပဲ။ ခိုးထုပ်ခိုးထည်နဲ့အတူ သူခိုးကို ဖမ်းမိရင် လုပ်ထိုက်တာကိုသာ ပြုလုပ်ကြပါတယ်။ မစစ်ဆေးတော့ပါဘူး။ စုံစမ်းထောက်လှမ်းပြီး ဖမ်းခံလာရတဲ့ သူခိုးကိုတော့ (ခိုးထုပ်ခိုးထည်နဲ့အတူ မဖမ်းမိတဲ့ သူခိုးကိုတော့) တရားဆုံးဖြတ်ရာဌာနကို ဆောင်သွားကြပါတယ်။ သူဟာ

http://www.dhammadownload.com



ဆုံးဖြတ်မှုကို ခံရပါတယ်။ အဲဒီဥပမာလိုပါပဲ မကောင်းမှုနည်း သူတွေက ကိုယ်တိုင်လည်း သတိရတတ်ကြပါတယ်။ သတိပေးလို့လည်း သတိရတတ်ကြပါတယ်။

ဒီဃဇယန္တဒမိဋ္ဌက သူ့ဘာသာသူ သတိရခဲ့ပါတယ်။ အဲဒီလူဟာ သုမနဂိရိကျောင်းတော်ကြီးမှာ အာကာသစေတီကို အဝတ်နီနဲ့ ပူဇော်ခဲ့ပါတယ်။ အခြံအရံ ဥဿဒငရဲအနီးမှာဖြစ်တဲ့ အခါ မီးတောက်မီးလျှံအသံကို ကြားလျှင်ကြားချင်းပဲ သူပူဇော်ခဲ့တဲ့အဝတ်ကို သတိရလာပါတယ်။ သူဟာ နတ်ပြည်သွားဖြစ်ပါတယ်။

(ဒေဝဒူတသုတ်အဖွင့်၊ ၁၂၀။)

နောက်တစ်ယောက်ကလည်း သားဖြစ်တဲ့ ရဟန်းငယ်အား အဝတ်ပိုင်းလေးကို လှူရင်း ခြေရင်းမှာ ချထားပါတယ်။ သေခါနီးမှာ အဝတ် အဝတ်ဆိုတဲ့ အသံအာရုံကို အာရုံယူမိပါတယ်။ ဥဿဒငရဲအနီးမှာဖြစ်တဲ့အခါ မီးလျှံရဲ့အသံကြောင့် အဲဒီအဝတ်ကို သတိရကာ နတ်ပြည်မှာ ဖြစ်ပါတယ်။ အဲဒီလို သူတို့ဘာသာသူ ကုသိုလ်ကံကို အမှတ်ရပြီး နတ်ပြည်မှာ ဖြစ်ကြပါတယ်။

(ဒေဝဒူတသုတ်အဖွင့်၊ ၁၂၀။)

## ယမမင်းအား အမျှဝေ

သူတို့ဘာသာ ကုသိုလ်ကံကို သတိမရသူတွေကိုတော့ သူအို သူနာ သူသေဆိုတဲ့ သေမင်းတမန်တွေအကြောင်း မေးရ

http://www.dhammadownload.com



ပါတယ်။ တချို့က သူ့အိုအကြောင်းနဲ့ သတိရပါတယ်။ တချို့က သူနာ သူသေအကြောင်းတို့နဲ့မှ သတိရပါတယ်။ တချို့က သုံးမျိုးလုံး မေးပေမယ့် သတိမရပါဘူး။ သူ့ကို ယမမင်းက မြင်လို့ ကိုယ်တိုင် အမှတ်ရစေပါတယ်။ (အမှတ်ရအောင် လုပ်ပါတယ်။) အမတ်တစ်ယောက်ဟာ မြတ်လေးပန်းအိုးနဲ့ မဟာစေတီကို ပူဇော်ပြီး ယမမင်းအား ကုသိုလ်ဝေစုကို မျှဝေပါတယ်။ (အမျှဝေပါတယ်။) အကုသိုလ်ကံကြောင့် ငရဲမှာ ဖြစ်တဲ့ အဲဒီအမတ်ကို ယမမင်းထံ ခေါ်ဆောင်လာကြပါတယ်။ အဲဒီအမတ်က သူအို၊ သူနာ၊ သူသေ သုံးမျိုးကို မေးတဲ့အခါမှာလည်း သတိမရ ဖြစ်နေပါတယ်။ ယမမင်းက သူကိုယ်တိုင် ကြည့်တဲ့အခါ မြင်လို့ "သင်ဟာ မဟာစေတီကို မြတ်လေးပန်းအိုးနဲ့ ပူဇော်ပြီး ငါ့အား အမျှဝေတယ်မဟုတ်လား" လို့ မေးကာ အမှတ်ရအောင်လုပ်ပါတယ်။ အဲဒီအခါ သူသတိရပြီး နတ်ပြည်ကို ရောက်သွားပါတယ်။ ယမမင်းက ကိုယ်တိုင်ကြည့်ပေမယ့် မမြင်ရတော့ရင် "ဒီသတ္တဝါဟာ ကြီးတဲ့ဒုက္ခကို ခံစားရပေလိမ့်မယ်" လို့ တွေးကာ ဆိတ်ဆိတ်နေပါတယ်။

(ဒေဝဒူတသုတ်အဖွင့်၊ ၁၂၀။)

## ပုထုဇဉ်နဲ့ မာန်

"အကြားအမြင်မရှိတဲ့ ပုထုဇဉ်ဟာ ကိုယ်ကိုယ်တိုင် သေခြင်းသဘောရှိပြီး သေခြင်းကို မကျော်လွန်နိုင်ပါဘဲ အခြားသူသေတာကို မြင်ရတဲ့အခါ မနှစ်မြို့ဘူး၊ ရှက်တယ်၊ မစင်ကို မြင်ရသလို ရွံတယ်၊ အဲဒီလိုဖြစ်တာဟာ မသင့်တော်ပါဘူး"

http://www.dhammadownload.com



အဲဒီလိုစဉ်းစားမိတဲ့ ငါဘုရားလောင်းမှာ အသက်ရှင်မှု၊ ရှည်မှုကို အကြောင်းပြုပြီးဖြစ်တဲ့ မာန်ဟာ မင်္ဂနဲ့ပယ်လိုက်သလိုပဲ ကင်းသွားပါတယ်။ ဘုရားအလောင်းတော်ဟာ သူသေကောင် မြင်ရတဲ့အချိန်ကစပြီး အရဟတ္တမဂ်ကို မရခင် အချိန်အတောအတွင်းမှာ အဲဒီမာန် ဖြစ်ပေါ်မလာတော့ပါ။

အဲဒီမာန်ယစ်မူးနေတဲ့ အကြားအမြင်မရှိသူ ပုထုဇဉ်ဟာ အလုပ်မှား၊ အပြောမှား၊ အကြံမှားတွေကို ပြုလုပ် ပြောဆို ကြံတွေးပါတယ်။ ဒါကြောင့် သေတဲ့အခါ ငရဲကိုရောက်ပါတယ်။

(အင်္ဂုတ္တရ၊ ပဌမပဏ္ဏာသ၊ ၉-သုခုမာလသုတ်၊ ၁၄၄/၅။)

# သေခြင်းကို ဘယ်လိုနှလုံးသွင်းမယ်

မရဏာနုဿတိ (သေခြင်းကိုအောက်မေ့မှု)ကို ပွားများလိုသူဟာ ဆိတ်ငြိမ်ရာမှာ ရောက်ပြီး "သေခြင်းဖြစ်လိမ့်မယ်၊ အသက်ပြတ်စဲလိမ့်မယ်"လို့ ဖြစ်စေ "သေခြင်း သေခြင်း"လို့ ဖြစ်စေ သင့်တင့်စွာ နှလုံးသွင်းမှုကိုဖြစ်စေ ရပါတယ်။ မသင့်မတင့် နှလုံးသွင်းသူမှာ ကိုယ်ချစ်ခင်သူ သေသွားတာကို နှလုံးသွင်း ဆင်ခြင်ရင် ဝမ်းနည်းမှုဖြစ်ပါတယ်။ ဥပမာ မွေးသည့်မိခင်က သားချစ်လေး သေသွားတာကို နှလုံးသွင်းရင် သောကဖြစ်သလိုပါပဲ။ ကိုယ်မုန်းတဲ့သူ သေသွားတာကို နှလုံးသွင်းရင် ဝမ်းမြောက်မှုဖြစ်ပါတယ်။ ဥပမာ လူတစ်ယောက်က သူ့ရန်သူ သေသွားတာကို နှလုံးသွင်းရင် ဝမ်းမြောက်သလိုပါပဲ။

http://www.dhammadownload.com



ကိုယ်ချစ်တဲ့သူလည်းမဟုတ်၊ ကိုယ်မုန်းတဲ့သူလည်း မဟုတ်တဲ့သူ သေသွားတာကို နှလုံးသွင်းရင် သံဝေဂမဖြစ်ပါဘူး။ ဥပမာ– သူသေအလောင်းကောင်ကို မြင်ရတဲ့အခါ သုဘရာဇာမှာ သံဝေဂမဖြစ်သလိုပါပဲ။ ကိုယ်သေရမှာကို နှလုံးသွင်းရင်ပြင်းထန်တဲ့ကြောက်လန့်မှု ဖြစ်ပါတယ်။ ဥပမာ– သံလျက်ကို ကိုင်လာတဲ့လူသတ်သမားကို မြင်ရလို့ ကြောက်လန့်တတ်သူမှာ ကြောက်လန့်သလိုပါပဲ။ အဲဒီဝမ်းနည်းတာ၊ ဝမ်းသာတာ၊ သံဝေဂမဖြစ်တာ၊ ကြောက်လန့်တာတွေဟာ သတိ၊ သံဝေဂ၊ ဉာဏ် မရှိလို့ပါပဲ။ ဒါကြောင့် တော၊ သုသာန် စတဲ့အရပ်တွေမှာ သူတစ်ပါးသတ်လို့သေသူပဲဖြစ်ဖြစ်၊ အလိုလိုသေသူပဲဖြစ်ဖြစ် အဲဒီလူတွေကို ကြည့်ပါ။ ကိုယ်တွေ့ဖူးတဲ့ပြည့်စုံမှုရှိတဲ့သူတွေရဲ့ သေတာကို ဆင်ခြင်ပါ။ သတိ၊ သံဝေဂ၊ ဉာဏ်ကို ယှဉ်စေပါ။ ပြီးတော့ "သေခြင်းဖြစ်လိမ့်မယ်" စသည်ဖြင့် နှလုံးသွင်းပါ။ အဲဒီလို နှလုံးသွင်းရင် သင့်တင့်မှန်ကန်စွာ နှလုံးသွင်းတာ ဖြစ်ပါတယ်။ ဒီလိုနှလုံးသွင်းတဲ့ ဉာဏ်ထက်သူမှာ နီဝရဏတွေ ကင်းကွာနေပါတယ်။ သေခြင်းအာရုံ၌ သတိဟာ ကောင်းစွာတည်နေပါတယ်။ ဈာန်အနီးရောက်တဲ့ ကမ္မဋ္ဌာန်းသာ ဖြစ်ပါတယ်။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၂၂/၃။)

## အောက်မေ့ရန် အခြင်းအရာ ၈ မျိုး

အခြင်းအရာ ၈ မျိုးနဲ့ သေခြင်းကို အောက်မေ့နိုင်ပါတယ်။

http://www.dhammadownload.com



၁။ သူသတ်သမားပမာ အနီးမှာရောက်နေတဲ့အခြင်းအရာ။
၂။ ပြည့်စုံမှုမှန်သမျှ ပျက်စီးရတဲ့ အခြင်းအရာ။
၃။ သူတစ်ပါးသေတာကို ကိုယ့်ကိုယ်ကိုလည်း သေခြင်းသို့ ကပ်ဆောင်တဲ့ အခြင်းအရာ။
၄။ ကိုယ့်ခန္ဓာကိုယ်ရဲ့ သတ္တဝါအများနဲ့ ဆက်ဆံနေတဲ့ အခြင်းအရာ။
၅။ အသက်ရဲ့ အားနည်းတဲ့အခြင်းအရာ။
၆။ သေခြင်းရဲ့ ပိုင်းခြားသတ်မှတ်မှုမရှိတဲ့ အခြင်းအရာ။
၇။ သက်တမ်းကာလ ပိုင်းခြားထားတဲ့ အခြင်းအရာ။
၈။ ပရမတ္ထအားဖြင့် အသက်ခဏရဲ့ အလွန်တိုတဲ့ အခြင်းအရာ။

(ဝိသုဒ္ဓိမဂ်၊ ၂၂၃။)

## မို

ဒီလူရဲ့ဦးခေါင်းကို ဖြတ်မယ်ဆိုတဲ့အကြံနဲ့ သံလျက်ကိုကိုင်ကာ လည်ပင်းမှာ ရိုက်ပုတ်တဲ့ အခြင်းအရာကို ပြုနေတဲ့ လူသတ်သမားဟာ ကိုယ့်အနီးမှာ ရောက်လာသလို သေခြင်းဟာလည်း ကိုယ့်အနီးမှာ တည်နေတယ်လို့ နှလုံးသွင်းရပါမယ်။ ဘာကြောင့်လဲ၊ သေခြင်းဟာ မွေးဖွားခြင်းနဲ့အတူ ပါလာတာရယ်၊ အသက်ကို ဆောင်ယူတတ်တာရယ်ကြောင့်ပါပဲ။ မှိုဟာ ဦးထိပ်နဲ့ မြေမှုန့်ကိုယူကာသာ မြေက ထွက်ပေါ်လာ

http://www.dhammadownload.com



သလို သတ္တဝါတွေဟာ အိုခြင်း သေခြင်းကို ယူပြီး၍သာ ဖြစ်လာကြပါတယ်။ မှန်ပါတယ်။ သတ္တဝါတွေရဲ့ ပဋိသန္ဓေစိတ်ဟာ ယှဉ်ဘက်ခန္ဓာတွေနဲ့အတူ ဖြစ်ပေါ်ပြီးတာရဲ့ အခြားမဲ့မှာပဲ အိုခြင်းကိုရောက်ကာ တောင်ထွတ်ပေါ်က ကျလာတဲ့ ကျောက်လွှာပမာ ကွဲပျက်သွားပါတယ်။ အဲဒီလို သေခြင်းဟာ မွေးဖွားခြင်းနဲ့ အတူပါလာပါတယ်။

(ဝိသုဒ္ဓိမဂ်၊ ၂၂၃။)

## နေနဲ့ မြစ်ရေ

သတ္တဝါဟာ မွေးဖွားလာချိန်ကစပြီး နည်းနည်းလေးမျှ နောက်ဆုတ်မသွားဘဲ သေခြင်းဆီကိုသာ ရှေးရှုနေပါတယ်။ ဥပမာ– ထွက်ပေါ်လာတဲ့နေဟာ ဝင်သွားဖို့ရာသာ သွားနေပါတယ်။ ရောက်ရာရောက်ရာနေရာက နည်းနည်းလေးမျှ နောက်ကို ပြန်မလှည့်ပါ။ အရှိန်အဟုန်ပြင်းထန်ပြီး တွေ့သမျှတွေကို သယ်ဆောင်သွားတဲ့တောင်က စီးဆင်းလာတဲ့မြစ်ရေဟာ စီးပဲ စီးသွားပါတယ်။ နောက်ကို နည်းနည်းလေးမျှ ပြန်မလှည့်ပါ။ အဲဒီနေ အဲဒီမြစ်ရေတွေလိုပါပဲ။

(ဝိသုဒ္ဓိပဂ်၊ ၂၂၃။)

## နှင်းပေါက်

နွေနေပူဒဏ်ခံရတဲ့ မြစ်ငယ်တွေက ရေတွေဟာ ကုန်ခန်းလာပါတယ်။ နံနက်အခါ မှည့်ရင့်တဲ့ သစ်သီးတွေဟာ ကြွေကျကြပါတယ်။ တုတ်နဲ့ထုနက်ရိုက်ပုတ်ခံရတဲ့ မြေအိုးတွေ

http://www.dhammadownload.com



ဟာ ကွဲပျက်ကြပါတယ်။ နေရောင်ခြည် ထိတွေ့ခံရတဲ့ နှင်းရည်ပေါက်တွေဟာ ပျက်စီးသွားကြပါတယ်။ အဲဒီလိုပါပဲ သတ္တဝါတွေမှာ သေခြင်းဟာ နီးနီးလာနေပါတယ်။

(ဝိသုဒ္ဓိမဂ်၊ ၂၂၃၊ ၄။)

## အသောကရဲ့ သောက

ပြည့်စုံမှုကို ပျက်စီးမှုက မလွှမ်းမိုးသေးတဲ့ ကာလအတွင်းမှာသာ ပြည့်စုံမှုဟာ တင့်တယ်ပါတယ်။ ပျက်စီးမှုကို ကျော်လွန်ပြီး တည်နိုင်တဲ့ ပြည့်စုံမှုဆိုတာ မရှိပါ။

မှန်ပါတယ်။ နတ်စည်းစိမ်နဲ့တူကဲ့ စည်းစိမ်နဲ့ အစိုးရမှုရှိတဲ့ လူချမ်းသာ အသောကမင်းဟာ တစ်မြေပြင်လုံးကို အုပ်စိုးပြီး ကုဋေတစ်ရာကိုလှူကာ သေခါနီးမှာ သျှိသျှားသီးတစ်ခြမ်းမျှကိုသာ အစိုးရပိုင်ဆိုင်ပါတော့တယ်။ ကုသိုလ်ကံကုန်တဲ့အခါ သေခါနီးမှာ အသောကဟာ သောကရောက်သွားရှာပါတယ်။

မာမှုမှန်သမျှ နာမှုမှာ ဆုံးပါတယ်။
ပျိုမှုမှန်သမျှ အိုမှုမှာ ဆုံးပါတယ်။
ရှင်မှုမှန်သမျှ သေမှုမှာ ဆုံးပါတယ်။

သတ္တဝါအားလုံးနောက်ကို မွေးဖွားမှုက ရန်သူပမာနောက်ကလိုက်နေပါတယ်။ အိုမှုက အဆိပ်ပမာ သက်ဝင်တည်နေပါတယ်။ နာမှုက နင်းသတ်တဲ့ဆင်ပမာ လွှမ်းမိုးနေပါတယ်။ သေမှုက တဆွေ၊ မြေဖုတ်ပမာ နိပ်စက်နေပါတယ်။

(ဝိသုဒ္ဓိမဂ်၊ ၂၂၄/၅)

http://www.dhammadownload.com



## ငါက ဘာမို့လဲ

အခြေအရံများလှတဲ့ မဟာသမ္မတမင်း စတဲ့ပုဂ္ဂိုလ်တွေ အပေါ်မှာလည်း သေခြင်းတရားဟာ ရွံ့ရှားမှုမရှိဘဲသာ ကျရောက်ခဲ့ပါတယ်။ ငါ့အပေါ်မှာ ဘာကြောင့် မကျရောက်ဘဲ ရှိမလဲ။

ဇောတိက၊ ဇဋိလ စတဲ့ ဘုန်းကံကြီးတဲ့ ပုဂ္ဂိုလ်တွေ၊ တန်ခိုးကြီးတဲ့ အရှင်မောဂ္ဂလ္လာန်၊ ပညာကြီးတဲ့ အရှင်သာရိပုတ္တရာ၊ ပစ္စေကဗုဒ္ဓါနဲ့ ဘုရားရှင်တို့အပေါ်တောင် သေခြင်း ဟာ ကျရောက်ခဲ့ပါတယ်။ ငါ့အပေါ်မှာ ဘာကြောင့်မကျရောက် ဘဲ ရှိမှာလဲလို့ သေခြင်းကို ကိုယ့်အထံယူဆောင်ကာ ဆင်ခြင်သင့်ပါတယ်။ နှလုံးသွင်းသင့်ပါတယ်။ အောက်မေ့သင့်ပါတယ်။

(ဝိသုဒ္ဓိမဂ်၊ ၂၂၅/၇)

## အများနဲ့ ဆက်ဆံတယ်

ဒီခန္ဓာကိုယ်ဟာ ပိုးမျိုး ၈၀ နဲ့ ဆက်ဆံနေပါတယ်။ အရေပါးကိုမှီတဲ့ သတ္တဝါတွေက အရေပါးကို စားကြပါတယ်။ အရေထူကိုမှီတဲ့ သတ္တဝါတွေက အရေထူကို စားကြပါတယ်။ အသားကိုမှီတဲ့ သတ္တဝါတွေက အသားကို စားကြပါတယ်။ အကြောကိုမှီတဲ့ သတ္တဝါတွေက အကြောကို စားကြပါတယ်။ အရိုးကိုမှီတဲ့ သတ္တဝါတွေက အရိုးကို စားကြပါတယ်။ ရိုးတွင်းခြင်ဆီကိုမှီတဲ့ သတ္တဝါတွေက ရိုးတွင်းခြင်ဆီကို စားကြပါတယ်။ ဒီခန္ဓာကိုယ်မှာပဲ မွေးကြပါတယ်။ အိုကြပါတယ်။ သေကြပါတယ်။

http://www.dhammadownload.com



ကျင်ကြီး ကျင်ငယ်ကို စွန့်ကြပါတယ်။ ခန္ဓာကိုယ်ကပဲ ပိုးတွေရဲ့ မီးဖွားရုံ၊ ဆေးရုံ၊ သုသာန်၊ အိမ်သာ၊ ကျင်ငယ်အိမ်တွေ ဖြစ်နေပါတယ်။ ဒီခန္ဓာကိုယ်ဟာ ပိုးတွေ ပျက်စီးရင် သေသွားပါတော့တယ်။ ပိုးမျိုး ၈၀ နဲ့ ဆက်ဆံသလို ကိုယ်တွင်းရောဂါ ရာပေါင်းများစွာနဲ့ သေစေနိုင်တဲ့ မြွေ၊ ကင်း စတဲ့ အပြင်အကြောင်းတွေနဲ့လည်း ဆက်ဆံနေပါတယ်။ လမ်းဆုံလမ်းမကြီးမှာထားတဲ့ ပစ်မှတ်ကို အရပ်မျက်နှာ အားလုံးက လာသမျှလူတွေက မြား၊ လှံ၊ တင်းပုတ်၊ ကျောက်ခဲ စသည်တွေနဲ့ ပစ်ခတ်ကြသလို ခန္ဓာကိုယ်မှာလည်း ဘေးရန်အားလုံး ကျရောက်ကြပါတယ်။ အဲဒီဘေးရန်တွေကျရောက်ရင် သေတော့တာပါပဲ။ အဲဒီလို အများနဲ့ ဆက်ဆံပုံကိုတွေးကာ သေခြင်းကို နှလုံးသွင်းနိုင်ပါတယ်။

(ဝိသုဒ္ဓိမဂ်၊ ၂၂၇၊ ၈။)

## အားမရှိဘူး

အသက်ဟာ အားလျော့တယ်၊ အားမရှိဘူး။ မှန်ပါတယ်။ သတ္တဝါတွေရဲ့အသက်ဟာ ဝင်လေထွက်လေ၊ ဣရိယာပုတ်၊ အအေးအပူ၊ မဟာဘုတ်၊ အာဟာရတွေနဲ့ ဆက်စပ်နေပါတယ်။ ဝင်လေ ထွက်လေ ညီမျှစွာဖြစ်နေမှ အသက်ရှင်ပါတယ်။ ထွက်တဲ့လေက ပြန်မဝင်ရင် ဝင်သွားတဲ့လေက ပြန်မထွက်ရင် သေပါတယ်။ သွား ရပ် ထိုင် လျောင်းဆိုတဲ့ ဣရိယာပုတ် ၄ ပါးကလည်း ညီမျှစွာဖြစ်နေမှ အသက်ရှင်ပါတယ်။ တစ်ခုခုလွန်ကဲရင် သေပါတယ်။ အအေးအပူကလည်း

http://www.dhammadownload.com



ညီမျှစွာဖြစ်နေမှ အသက်ရှင်ပါတယ်။ တစ်ပါးပါးပျက်ရင် အားရှိတဲ့ပုဂ္ဂိုလ် ဖြစ်ပေမယ့် ခန္ဓာကိုယ်က တောင့်သွားတယ်။ ဝမ်းလျှောခြင်း စသည်ကြောင့် ပုပ်သွားမယ်။ အကြီးအကျယ် ပူလောင်မယ်။ အဆက်အစပ်တွေကို ထိန်းဖွဲ့ထားတာတွေ ပြတ်တောက်မယ်။ အဲဒီအခါ သေပါတယ်။ အစားအစာကို ရသင့်တဲ့အခါ ရမှသာ အသက်ရှင်ပါတယ်။ မရရင် သေပါတယ်။ အဲဒီလို အသက်ရဲ့ အားမရှိပုံကို ဆင်ခြင်ပြီးတော့လည်း သေခြင်းကို နှလုံးသွင်းနိုင်ပါတယ်။

(ဝိသုဒ္ဓိမဂ်၊ ၂၂၈။)

## မသိနိုင်တဲ့အရာ ၅ ခု

"ဒီလောက်သာ အသက်ရှင်မယ်၊ ဒီထက်ပိုပြီး အသက်မရှင်ဘူး"လို့ ပိုင်းခြားသတ်မှတ်ချက် မရှိပါ။ မှန်ပါတယ်။ သတ္တဝါတွေဟာ ကလလရေကြည်တည်ရာအခါမှာလည်း သေကြပါတယ်။ အမြှုပ်၊ သားတစ်၊ အသားစိုင်၊ တစ်လ နှစ်လ သုံးလ လေးလ ငါးလ ဆယ်လ ရှိရာအခါမှာလည်း သေကြပါတယ်။ အမိဝမ်းက ထွက်ရာအခါမှာလည်း သေကြပါတယ်။ အဲဒီကနောက် အသက်တစ်ရာမပြည့်ခင်မှာရော ပြည့်ပြီးနောက်မှာပါ သေကြပါတယ်။

"ဒီရောဂါနဲ့ပဲ သေမယ်၊ အခြားရောဂါနဲ့ မသေဘူး" လို့ ပိုင်းခြားသတ်မှတ်ချက်မရှိပါ။ မှန်ပါတယ်။ သတ္တဝါတွေဟာ မျက်စိရောဂါနဲ့လည်း သေကြပါတယ်။ နားရောဂါ စတဲ့ ရောဂါတွေထဲက တစ်ခုခုနဲ့လည်း သေကြပါတယ်။

http://www.dhammadownload.com



"ဒီအချိန်မှာသာ သေမယ်၊ အခြားအချိန်မှာ မသေဘူး" လို့ ပိုင်းခြားသတ်မှတ်ချက် မရှိပါ။ မှန်ပါတယ်။ သတ္တဝါတွေဟာ နံနက်ပိုင်းမှာလည်း သေကြပါတယ်။ နေ့လည်ပိုင်း စတဲ့ အချိန်တွေထဲက တစ်ချိန်ချိန်မှာလည်း သေကြပါတယ်။

"ဒီနေရာမှာပဲ လူသေကောင်အလောင်းကို ချရမယ်။ အခြားနေရာမှာ မချရဘူး"လို့ ပိုင်းခြားသတ်မှတ်ချက်မရှိပါ။ မှန်ပါတယ်။ ရွာတွင်းမှာ မွေးဖွားသူတွေကို ရွာပြင်မှာ ချရတာလည်း ရှိပါတယ်။ ရွာပြင်မှာ မွေးဖွားသူတွေကိုလည်း ရွာတွင်းမှာ ချရတာလည်း ရှိပါတယ်။ ကုန်းသတ္တဝါတွေကို ရေထဲမှာ၊ ရေသတ္တဝါတွေကို ကုန်းပေါ်မှာ ချရတာလည်း ရှိရပါတယ်။ ဒီလိုနည်းမျိုးနဲ့ ချဲ့ထွင်နိုင်ပါတယ်။

"ဒီဘဝကသေရင် ဒီဘဝမှာဖြစ်မယ်"လို့ ပိုင်းခြားသတ်မှတ်ချက်မရှိပါ။ မှန်ပါတယ်။ နတ်ပြည်က စုတေလာသူတွေဟာ လူ့ပြည်မှာလည်း ဖြစ်ကြပါတယ်။ လူ့ပြည်က သေသူတွေက နတ်ပြည် စတဲ့နေရာတွေက တစ်နေရာရာမှာ ဖြစ်ကြပါတယ်။ အဲဒီလိုနည်းနဲ့ ဆုံလည်မှာတပ်ထားတဲ့ နွားပမာ လူ့ပြည်၊ နတ်ပြည်၊ ငရဲပြည်၊ တိရစ္ဆာန်ပြည်၊ ပြိတ္တာပြည်တွေမှာ သတ္တဝါတွေဟာ တပြောင်းပြန်ပြန် လည်နေကြပါတယ်။

ဒီလိုအသက်၊ ရောဂါ၊ အချိန်၊ ပစ်ချရာနေရာ၊ ဂတိဆိုတဲ့ ငါးမျိုး ပိုင်းခြားချက်မရှိတာကို ဆင်ခြင်ကာ သေခြင်းကို နှလုံးသွင်းနိုင်ပါတယ်။

(ဝိသုဒ္ဓိမဂ်၊ ၂၂၈/၉။)

http://www.dhammadownload.com



## မရဏာသသတိရဲ့စွမ်းအား

မရဏာဿတိကမ္မဋ္ဌာန်းကို အားထုတ်သူဟာ အမြဲ မမေ့မလျော့ပါ။ ဘဝအားလုံးဟာ မမွေ့မလျော်စရာပဲလို့ ထင်မှတ်ပါတယ်။ အသက်အပေါ် တွယ်တာမှုကို ပယ်ခွာပါတယ်။ မကောင်းသူကို ကဲ့ရဲ့ပါတယ်။ ပစ္စည်းတွေမှာ သိုမှီးသိမ်းဆည်းတာ မများပါ။ နှမြောမှုကင်းပါတယ်။ မမြဲဘူးလို့ထင်မြင်မှုဟာ အလေ့အကျက်ရှိနေပါတယ်။ မမြဲဘူးလို့အထင်ရဲ့နောက်မှာ ဆင်းရဲတယ်၊ အစိုးမရဘူးလို့ အထင်လည်း ကပ်ပါလာပါတယ်။ မရဏာဿတိ မပွားများသူတွေဟာ သေခါနီးမှာ ကြောက်လန့်ကြပါတယ်။ တွေဝေမိန်းမောကြပါတယ်။ ဥပမာ အဆောတလျင် သားကောင်၊ ဘီလူး၊ မြွေ၊ သူခိုး၊ လူသတ်သမားတို့ရဲ့ နှိပ်စက်မှုကို ခံရသူတွေလိုပါပဲ။ မရဏာဿတိ ပွားများသူတွေကတော့ အဲဒီလိုမဖြစ်ပါ။ အကြောက်အလန့်ကင်းပြီး တွေဝေမိန်းမောခြင်းကင်းကာ သေကြရပါတယ်။ ဒီဘဝမှာ နိဗ္ဗာန်မရတောင် ကောင်းတဲ့ဘဝကို ရောက်ကြပါတယ်။

ဒါကြောင့် ပညာရှိဟာ ဒီလောက်အကျိုးကြီးမားတဲ့ မရဏာဿတိအတွက် အမြဲတမ်း တကယ်ပဲ မမေ့မလျော့ ပြုလုပ်ရပါမယ်။

(ဝိသုဒ္ဓိမဂ်၊ ၂၃၁။)

http://www.dhammadownload.com



# အရကဆရာကြီးရဲ့ အဆုံးအမ

ရဟန်းတို့ ရှေးက ဖြစ်ခဲ့ဖူးတာရှိတယ်။ အရကဆိုတဲ့ အယူဝါဒကို တည်ထောင်ပြီး ကာမဂုဏ်အာရုံတွေမှာ တပ်မက်မှုကင်းတဲ့ ဆရာကြီး ရှိခဲ့တယ်။ အရကဆရာကြီးမှာ တပည့်တွေ ရာပေါင်းများစွာ ရှိခဲ့တယ်။ အရကဆရာကြီးက သူ့တပည့်တွေကို ဒီလိုဆုံးမခဲ့တယ်။

"လူတွေရဲ့အသက်တမ်းဟာ နည်းတယ်၊ တိုတယ်၊ အဖြစ်မြန် အပျက်မြန်တယ်၊ ဆင်းရဲများတယ်၊ ပူပန်မှုများတယ်။ ပညာနဲ့ သိရမယ်၊ ကုသိုလ်ပြုရမယ်၊ မြတ်တဲ့အကျင့် ကျင့်ရမယ်။ မွေးလာသူမှာ မသေတာမရှိ"

"မြက်ဖျားက နှင်းရည်ပေါက်ဟာ နေထွက်လာတဲ့အခါ အမြန်ပဲ ပျောက်သွားပါတယ်။ ကြာရှည်စွာမတည်ပါ။ မိုးသည်းထန်စွာရွာတဲ့အခါ ဖြစ်ပေါ်လာတဲ့ ရေပွက်၊ ရေမှာရေးတဲ့ တုတ်အရေးအကြောင်းဟာ အမြန်ပဲ ပျောက်သွားပါတယ်။ ကြာရှည်စွာ မတည်ပါ။ တောင်ကကျလာတဲ့မြစ်ရေဟာ အဝေးကို သွားတယ်။ အစီးသန်တယ်။ တွေ့သမျှ သယ်ဆောင်သွားတယ်။ အထက်ကို ပြန်စီးရိုးထုံးစံမရှိ။ အောက်ကိုသာ စီးဆင်းသွားတယ်။ အားရှိသူဟာ လျှာဖျားပေါ်မှာ တံတွေးကိုစုကာ လွယ်ကူစွာ ထွေးပါတယ်။ တစ်နေ့လုံးပူထားတဲ့ သံအိုးပေါ်မှာ အသားတစ်ကို ပစ်ချလိုက်ရင် လျင်စွာပဲ ကင်းပျောက်ပါတယ်။ နွားသတ်ရုံကို ဆောင်သွားခံရတဲ့နွားဟာ ခြေလှမ်းတိုင်း သေဖို့ရာ နီးနီးလာပါတယ်"

http://www.dhammadownload.com



"ဆီးနှင်းပေါက်၊ တုတ်အရေးအကြောင်း၊ တောင်ကျ မြစ်ရေ၊ တံတွေးပေါက်၊ အသားတစ်၊ သတ်မယ့်နွားတွေပမာ အသက်တမ်းဟာ နည်းတယ်၊ တိုတယ်၊ အဖြစ်မြန် အပျက် မြန်တယ်၊ ဆင်းရဲများတယ်၊ ပူပန်မှုများတယ်။ ပညာနဲ့သိရ မယ်၊ ကုသိုလ်ပြုရမယ်၊ မြတ်တဲ့အကျင့် ကျင့်ရမယ်။ မွေးဖွား လာသူမှာ မသေတာမရှိ"

အရကဆရာကြီးက သူ့တပည့်တွေကို အထက်ပါ အတိုင်း ဆုံးမခဲ့ပါတယ်။

# ဘုရားရှင်ရဲ့ရှင်းပြချက်

ရဟန်းတို့ အဲဒီအရကဆရာကြီးတို့လက်ထက်က လူ တွေရဲ့သက်တမ်းက အနှစ် ၆ သောင်းဖြစ်တယ်။ အသက် ငါးရာရှိတဲ့ အမျိုးသမီးငယ်က အိမ်ထောင်ပြုဖို့အရွယ်ဖြစ်ပါ တယ်။ အဲဒီအချိန်အခါက လူတွေမှာ အအေး၊ အပူ၊ ထမင်း ဆာ၊ ရေဆာ၊ ကျင်ကြီး ကျင်ငယ်ဆိုတဲ့ အနာရောဂါ ၆ မျိုးပဲ ရှိပါတယ်။ အရကဆရာကြီးက အဲဒီလောက်အသက်ရှည်ပြီး အနာရောဂါကင်းကြတဲ့ လူတွေကို အထက်ပါအတိုင်း ဆုံးမ စကား ပြောကြားခဲ့ပါတယ်။ အရကဆရာကြီးရဲ့စကားကို ယခုအခါပြောရင် ကောင်းစွာပြောဆိုရာ ရောက်ပါတယ်။

ရဟန်းတို့ ယခုအခါ အသက်ရှည်သူဟာ တစ်ရာ၊ တစ်ရာကျော် ရှည်ပါတယ်။ အသက်တစ်ရာရှည်သူဟာ ဥတု သုံးရာပဲရှည်ပါတယ်။ ဆောင်းဥတုတစ်ရာ၊ နွေဥတုတစ်ရာ၊

http://www.dhammadownload.com



မိုးဥတုတစ်ရာ ရှည်ပါတယ်။ ဥတုသုံးရာရှည်သူဟာ လပေါင်းတစ်ထောင့်နှစ်ရာ(၁၂၀၀)ပဲ ရှည်ပါတယ်။ ဆောင်းလ လေးရာ၊ နွေလလေးရာ၊ မိုးလလေးရာ ရှည်ပါတယ်။ လပေါင်းတစ်ထောင့်နှစ်ရာရှည်သူဟာ လခွဲ(၁၅ ရက်) ပေါင်း နှစ်ထောင့်လေးရာ(၂၄၀၀)ပဲ ရှည်ပါတယ်။ ဆောင်းလခွဲ ရှစ်ရာ၊ နွေလခွဲရှစ်ရာ၊ မိုးလခွဲရှစ်ရာ ရှည်ပါတယ်။ လခွဲပေါင်း ၂၄၀၀ ရှည်သူဟာ ညပေါင်း သုံးသောင်းခြောက်ထောင်(၃၆၀၀၀)ပဲ ရှည်ပါတယ်။ ဆောင်းည ၁၂၀၀၀၊ နွေည ၁၂၀၀၀၊ မိုးည ၁၂၀၀၀ ရှည်ပါတယ်။ ညပေါင်း ၃၆၀၀၀ ရှည်သူဟာ ထမင်းထပ် ၇၂၀၀၀ ပဲ စားပါတယ်။ ဆောင်းထမင်းထပ်ရေ ၂၄၀၀၀၊ နွေထမင်းထပ်ရေ ၂၄၀၀၀၊ မိုးထမင်းထပ်ရေ ၂၄၀၀၀ စားပါတယ်။ မိခင်နို့ရည်နဲ့ ထမင်းအန္တရာယ်နဲ့အတူ ဖြစ်ပါတယ်။

ထမင်းအန္တရာယ်တွေ ရှိပါတယ်။ မျောက်အိပ်အိပ်သူ၊ ဒုက္ခရောက်နေသူ၊ မကျန်းမာသူ၊ ဥပုသ်သည်၊ ထမင်းမရသူတွေဟာထမင်းမစားကြပါ။ ရဟန်းတို့ ငါဘုရားဟာ အသက်တစ်ရာရှည်သူရဲ့အသက်၊ သက်တမ်း၊ ဥတု၊ နှစ်၊ လ၊ လခွဲ၊ ညဥ့်၊ နေ့၊ ထမင်းထပ်၊ ထမင်းအန္တရာယ်တွေကို ပြောပြပြီးပြီ။

ရဟန်းတို့ တပည့်တွေရဲ့အကျိုးစီးပွားကို လိုလားပြီး သနားတတ်တဲ့ ငါဘုရားဟာ သင်တို့အတွက် ပြုလုပ်သင့်တာတွေကို ပြုလုပ်ပြီးပြီ ဒီအရပ်တွေက သစ်ပင်အောက်တွေ၊ ဒီအရပ်တွေက ဆိတ်ငြိမ်တဲ့အရပ်တွေ ရှုမှတ်ကြ၊ မမေ့ကြနဲ့။ နောင်သောအခါမှ နောင်တမရကြနဲ့၊ ဒါဟာ သင်တို့အတွက် ငါဘုရားတို့ရဲ့ အဆုံးအမပဲ။

(အင်္ဂုတ္တရ၊ သတ္တကပါဠိ၊ ၅၀၁။)

http://www.dhammadownload.com



## အသက်ရဲ့အမြန်နှုန်း

ရဟန်းတို့ လေးအတတ်ကို အလွန်ပဲတတ်ကျွမ်းတဲ့ လေးသည်တော် ၄ ဦးဟာ အရပ် ၄ မျက်နှာမှာ တည်နေကြပါတယ်။ "အဲဒီလေးအတတ်ပညာရှင် ၄ ဦး ပစ်လွှတ်လိုက်တဲ့ မြား ၄ စင်းဟာ မြေပေါ်မှာမကျရောက်ခင် ယူဆောင်ပါမယ်"လို့ ပြောလာတဲ့ လူတစ်ယောက်လာပါတယ်။ အဲဒီလူနဲ့ လ နေတို့ရဲ့ သွားနှုန်း၊ လနတ်သား နေနတ်သားတွေရဲ့သွားနှုန်းတွေထက် ပိုပြီး လျင်မြန်စွာ အသက်က ကုန်ဆုံးပါတယ်။ (သံ၊ ၁၊ ၄၅၆။)

## မြင်းလေးမျိုးနဲ့တူတဲ့ လူလေးမျိုး

ရဟန်းတို့ လောကမှာ မြင်းအာဇာနည်ကောင်းလေးမျိုး ရှိတယ်။

၁။ တချို့မြင်းအာဇာနည်က နှင်တံအရိပ်ကို မြင်တာနဲ့ "ဒီနေ့ မြင်းဆရာက ငါ့ကို ဘယ်လိုရိုက်လာမလဲ၊ ငါဘယ်လိုလုပ်ရမလဲ"လို့တွေးကာ အမြန်သွားဖို့ အမှတ်ရကာ တုန်လှုပ်ပါတယ်။

၂။ တချို့မြင်းအာဇာနည်က နှင်တံအရိပ်ကို မြင်ရုံမျှနဲ့ အမှတ်မရ မတုန်လှုပ်ပါဘူး။ မွေးညင်းပေါက်တွေကို နှင်တံနဲ့ထိုးမှပဲ အမှတ်ရ တုန်လှုပ်ပါတယ်။

http://www.dhammadownload.com



၃။ တချို့မြင်းအာဇာနည်က နှင်တံအရိပ်ကို မြင်ရရုံ၊ မွေးညင်းပေါက်တွေကို ထိုးခံရရုံနဲ့လည်း အမှတ်မရ မတုန်လှုပ်ပါဘူး။ အရေထူ အရေပါးကို နှင်တံနဲ့ပေါက်အောင် ထိုးမှပဲ အမှတ်ရ တုန်လှုပ်ပါတယ်။

၄။ တချို့မြင်းအာဇာနည်က နှင်တံအရိပ်ကို မြင်ရရုံ၊ မွေးညင်းပေါက်တွေကို ထိုးဖောက်ခံရရုံ၊ အရေထူ အရေပါးကို ထိုးဖောက်ခံရရုံနဲ့ အမှတ်မရ မတုန်လှုပ်သေးပါဘူး။ အရိုးထိအောင် ထိုးဖောက်ခံရမှပဲ အမှတ်ရ တုန်လှုပ်ပါတယ်။

ရဟန်းတို့ အဲဒီလိုပဲ လောကမှာ ယောကျာ်းအာဇာနည် လေးမျိုးရှိတယ်။

၁။ တချို့လူက "ဘယ်ရွာ ဘယ်နိဂုံးမှာ ယောကျာ်း တစ်ယောက် သို့မဟုတ် မိန်းမတစ်ယောက်ဟာ ဒုက္ခရောက်ကာ သေသွားသတဲ့"လို့ ကြားတယ်။ အဲဒီလို ကြားရုံမျှနဲ့ တရားအားထုတ်ဖို့ သတိရ၊ သံဝေဂရပါတယ်။ သံဝေဂရပြီး တရားအားထုတ်ပါတယ်။ နိဗ္ဗာန်ကို ဦးတည်ပြီးအားထုတ်လို့ နိဗ္ဗာန်ကိုမျက်မှောက်ပြုသွားပါတယ်။ ဝိပဿနာပညာ၊ မဂ်ပညာနဲ့ ထိုးထွင်းသိမြင်သွားပါတယ်။

၂။ တချို့လူက ကြားရုံနဲ့ မတုန်လှုပ်၊ တရားအား မထုတ်။ ကိုယ်တိုင်မြင်တွေ့မှ တုန်လှုပ်ကာ တရားအားထုတ်ပြီး နိဗ္ဗာန်ရသွားပါတယ်။

http://www.dhammadownload.com



၃။ တချို့လူက ကြားရုံ၊ မြင်ရရုံနဲ့ မတုန်လှုပ်၊ တရားအားမထုတ်။ ကိုယ့်ဆွေမျိုးသားချင်းတွေ သေမှ တုန်လှုပ်ကာ တရားအားထုတ်ပြီး နိဗ္ဗာန်ရသွားပါတယ်။

၄။ တချို့လူက ကြားရုံ၊ မြင်ရုံ၊ ဆွေမျိုးသားချင်းတွေ သေရုံနဲ့ မတုန်လှုပ်၊ တရားအားမထုတ်။ ကိုယ်ကိုယ်တိုင်ပဲ သေစေနိုင်တဲ့ ရောဂါအပြင်းစားတွေကို ခံစားတွေ့ကြုံရမှ သံဝေဂရကာ တရားအားထုတ်ပြီး နိဗ္ဗာန်ရသွားပါတယ်။

(အင်္ဂုတ္တရ၊ စတုက္ကပါဠိ၊ ၃-ပတောဒသုတ်၊ ၄၂၉။)

## စောင့်ကြိုနေတယ်

"မြတ်စွာဘုရား၊ လူ့ပြည်မှာ တည်ရှိဆဲဖြစ်တဲ့ ကုသိုလ်ရှင်တွေရဲ့ နတ်ပြည်စည်းစိမ်းဟာ ဖြစ်ပါသလားဘုရား"

"မောဂ္ဂလ္လာန် သင်ဟာ နတ်ပြည်မှာ ကျောင်းဒကာနန္ဒိယအတွက် ပေါ်ပေါက်နေတဲ့ နတ်ဘုံဗိမာန်ကို ကိုယ်တိုင်တွေ့ခဲ့တယ်မဟုတ်လား၊ ဘာကြောင့် ငါဘုရားကို မေးတာလဲ"

"မှန်ပါဘုရား ပေါ်ပေါက်နေပါတယ်"

"မောဂ္ဂလ္လာန် သင် ဘာကြောင့် ဒီစကားကို ပြောပါလိမ့်။ အရပ်ဝေးမှာ ကြာမြင့်စွာနေနေတဲ့ သား သို့မဟုတ် ညီအစ်ကိုကို အရပ်ဝေးက ပြန်လာတာကို ရွာတံခါးမှာရပ်နေတဲ့ တစ်ယောက်ယောက်ကတွေ့ရင် အမြန်အိမ်ကိုသွားပြီး "ဘယ်သူပြန်လာပြီ"လို့ ပြောတယ်။ အဲဒီအခါ ဆွေမျိုးတွေက

http://www.dhammadownload.com



ရှင်လန်းဝမ်းမြောက်စွာ အမြန်ထွက်လာကြကာ “ပြန်လာပြီ၊ နေကောင်းရဲ့လား”လို့ မေးပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတယ်။ အဲဒီလိုပါပဲ ကောင်းမှုရှင် အမျိုးသား၊ အမျိုးသမီးကို ဒီလက်ရှိဘဝက စွန့်ခွာပြီး တမလွန်လောကကိုသွားရင် နတ်တွေက နတ်ပြည်လက်ဆောင် ၁၀ မျိုး (အသက်၊ အဆင်း၊ ချမ်းသာ၊ အခြွေအရံ၊ အကြီးအကဲအဖြစ်၊ အာရုံငါးပါး)ကို ယူကာ “ငါကရှေ့က၊ ငါကရှေ့က”လို့ ပြောပြီး ခရီးဦးကြိုကာ ဝမ်းသာရွှင်ပျနေကြပါတယ်”လို့ ဘုရားရှင်က မိန့်တော်မူပါတယ်။

နန္ဒိယဟာ မိဘနှစ်ပါး ကွယ်လွန်သွားချိန်ကစပြီး ကြီးကျယ်တဲ့ ဒါနရှင်ဖြစ်ကာ ရဟန်းအပေါင်းအား လှူပါတယ်။ ဆင်းရဲသား၊ ခရီးသွားသူ စတဲ့လူတွေအတွက်လည်း အိမ်တံခါးမှာ ထမင်း ဟင်း ချက်လှူပါတယ်။ သူဟာ နောင်သောအခါ ဘုရားရှင်ရဲ့တရားကို နာရပြီး ကျောင်းအလှူရဲ့ အကျိုးကို မှတ်သားကာ ဣသိပတနတော၊ မဟာဝိဟာရမှာ အခန်း ၄ ခန်းနဲ့ တန်ဆာဆင်ထားတဲ့ အဆောင် ၄ ဆောင်ရှိ ကျောင်းကို ဆောက်လုပ်ပြီး ညောင်စောင်း၊ အင်းပျဉ် စသည်ကို ခင်းစေပါတယ်။ အဲဒီကျောင်းဆောင်ကို အပ်နှင်းလိုလို့ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား လှူပြီး ဘုရားရှင်အား အလှူရေစက်ကို ပေးလှူပါတယ်။ ဘုရားရှင်ရဲ့လက်မှာ အလှူရေစက် တည်စေလိုက်တာနဲ့တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်မှာ အရပ်မျက်နှာအားလုံးမှာ ၁၂ ယူဇနာရှိတဲ့၊ အထက်မှာ ယူဇနာတစ်ရာမြင့်တဲ့ ရတနာ ၇ ပါးနဲ့ပြီးတဲ့ နတ်သမီးအပေါင်းနဲ့ ပြည့်စုံနေတဲ့ နတ်ပြည်ပြာသာဒ် ပေါ်နေပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၉၀။)

http://www.dhammadownload.com



# တမလွန်ခရီးအတွက်

သားတွေက သဒ္ဓါတရားရှိကြပါတယ်။ ရတနာသုံးပါးကို ကြည်ညိုကြပါတယ်။ သာဝတ္ထိမြို့မှာ နေကြပါတယ်။ သူတို့ရဲ့ဖခင်ကတော့ တဏှာသိုလ်ပြည်မှာ နေပါတယ်။ ဘာကုသိုလ်ကိုမျှ မလုပ်ပါဘူး။ အသက်ကတော့ ကြီးနေပါပြီ။ အိုနေပါပြီ။ ငါတို့ဖခင်ဟာ အိုနေပြီလို့တွေးကာ ဘုရားရှင်ထံ ခေါ်သွားပြီး ဖခင်အတွက် အလှူလုပ်ကြမယ်လို့ ဆုံးဖြတ်ကာ ဘုရားအမှူးရှိတဲ့ သံဃာတွေကို ပင့်ကြပါတယ်။ သားတွေက နောက်တစ်နေ့မှာ အိမ်အတွင်း ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ထိုင်စေကာ ရိုသေစွာ ဆွမ်းပြုစုလုပ်ကျွေးကြပါတယ်။ ဆွမ်းကိစ္စပြီးတဲ့အခါ ဘုရားရှင်အား ဒီလိုလျှောက်ကြပါတယ်။

"မြတ်စွာဘုရား တပည့်တော်တို့ဟာ ဖခင်အတွက် ဒီဆွမ်းကို ဖခင်အသက်ထင်ရှားရှိတုန်း လှူဒါန်းကြပါတယ်။ တပည့်တော်တို့ရဲ့ ဖခင်အား ဝမ်းမြောက်ဝမ်းသာစရာ တရားစကား မိန့်ကြားတော်မူပါ"

"ဥပါသကာ သင်ဟာ အသက်ကြီးပြီ၊ ရင့်မှည့်နေပြီ၊ ဖက်ရွက်ဖျော်နဲ့ တူနေတယ်၊ သင့်ရဲ့ တမလွန်ခရီးအတွက် ကုသိုလ်ရိက္ခာမရှိ၊ မိမိရဲ့ ထောက်တည်ရာကို ပြုလော့။ ပညာရှိလော့၊ မမိုက်နဲ့"လို့ မိန့်တော်မူပါတယ်။

အဲဒီဖခင် ဥပါသကာဟာ သောတာပန်ဖြစ်သွားပါတယ်။

(ဓမ္မပဒ၊ ၄၁၊ ၃၊ ၂၁၄။)

http://www.dhammadownload.com



မဟာခေကုန်သည်ဟာ ဗာရာဏသီပြည်က လှည်းငါး ရာကို အဝတ်အထည်တွေအပြည့်တင်ကာ ရောင်းဖို့ သာဝတ္ထိ မြို့ကို သွားတဲ့အခါ မြစ်ကမ်းကိုရောက်တော့ "မနက်ဖြန် မြစ်ကိုကူးမယ်"လို့ ဆုံးဖြတ်ပြီး မြစ်ကမ်းမှာပဲ လှည်းတွေကို ချွတ်ကာ နေပါတယ်။ ညအခါ မိုးကြီးအကြီးအကျယ် ရွာချ ပါတယ်။ မြစ်ဟာ ၇ ရက်ပတ်လုံး ရေနဲ့ပြည့်နေပါတယ်။ မြို့သူမြို့သားတွေက ၇ ရက်ပတ်လုံး နက္ခတ်ပွဲသဘင်နဲ့ ပျော်ရွှင်နေကြပါတယ်။ အဝတ်အထည်ကိစ္စက မပြီးပြတ်ပါ။ "ငါဟာ အဝေးက လာခဲ့ရတယ်။ နောက်တစ်ခေါက်သွားရင် ကြာလိမ့်မယ်၊ ဒီနေရာမှာပဲ နွေ မိုး ဆောင်း အလုပ်လုပ်ရင်း နေပြီး ဒီအဝတ်တွေကို ရောင်းမယ်"လို့ တွေးနေပါတယ်။ ဘုရားရှင်က မြို့ထဲ ဆွမ်းခံလှည့်လည်တဲ့အခါ ကုန်သည်ရဲ့ စိတ်ကို သိလို့ ပြုံးပြီး အာနန္ဒာထေရ်က ပြုံးခြင်းအကြောင်း မေးလို့ "အာနန္ဒာ သင်ဟာ မဟာခေကုန်သည်ကို မြင်တယ် မဟုတ်လား"လို့ မေးတော်မူပါတယ်။

"မြင်ပါတယ်ဘုရား"

"သူဟာ သူ့ရဲ့အသက်အန္တရာယ်ကို မသိဘဲ ဒီတစ်နှစ် လုံး ဒီနေရာမှာပဲနေကာ ဘဏ္ဍာတွေရောင်းဖို့ စိတ်ကူးနေတယ်"

"သူ့မှာ ဘယ်လိုအန္တရာယ်ဖြစ်မှာပါလဲဘုရား"

"အာနန္ဒာ သူဟာ ၇ ရက်ပဲ အသက်ရှင်ပြီး သေမင်းရဲ့ ခံတွင်းကို သက်ဆင်းကျရောက်လိမ့်မယ်"

ဘုရားရှင်က ဂါထာနှစ်ပုဒ်နဲ့ အောက်ပါစကားတွေကို ဟောကြားပါတယ်။

http://www.dhammadownload.com



"ကုသိုလ်တွေကို ဒီနေ့ပဲ အပြင်းအထန် ကြိုးစား ပြုလုပ်ရမယ်။ နက်ဖြန်မှ သေရမယ်လို့ ဘယ်သူသိနိုင်မှာလဲ။ စစ်တပ်အများကြီးရှိတဲ့ သေမင်းနဲ့ အချိန်းအချက်ဆိုတာ မရှိဘူး"

"နေ့ရောညပါ မပျင်းရိဘဲ ကုသိုလ်တွေကို အပူတပြင်း ကြိုးစားအားထုတ်နေသူကို ဘုရားရှင်က တကယ်ပဲ 'နေ့ကောင်း ညကောင်းရှိသူ'လို့ ဆိုပါတယ်"

"မြတ်စွာဘုရား တပည့်တော် အဲဒီကုန်သည်ကို သွားပြောပါမယ်ဘုရား"

"သင်နဲ့အကျွမ်းဝင်တာပဲ၊ သွားပြောလေ"

အရှင်အာနန္ဒာဟာ လှည်းတွေတည်ရှိရာကို သွားကာ ဆွမ်းခံပါတယ်။ ကုန်သည်က အရှင်အာနန္ဒာကို စားဖွယ်နဲ့ ဖိတ်မန်ပါတယ်။ အရှင်အာနန္ဒာက မေးလို့ ကုန်သည်က ဖြေပါတယ်။

"သင် ဒီနေရာမှာ ဘယ်လောက်ကြာအောင် နေမှာလဲ"

"တပည့်တော်က အဝေးကလာခဲ့ပါတယ်။ နောက်တစ်ကြိမ်သွားရင် ကြာပါလိမ့်မယ်။ ဒီတစ်နှစ်လုံး ဒီနေရာမှာနေပြီး ဘဏ္ဍာကို ရောင်းကာသွားပါမယ်"

"ဥပါသကာ အသက်အန္တရာယ်ကို သိနိုင်ခဲတယ်။ မမေ့မလျော့မှုသတိကို ပြုသင့်တယ်"

"အရှင်ဘုရား ဘာအန္တရာယ်ဖြစ်ပါမလဲဘုရား"

"အေး ဥပါသကာ သင့်ရဲ့အသက်ဟာ ၇ ရက်ပဲရှည်လိမ့်မယ်"

http://www.dhammadownload.com



အဲဒီကုန်သည်ဟာ ထိတ်လန့်ကာ ဘုရားအမှူးရှိတဲ့ သံဃာတွေကို ပင့်ဖိတ်ကာ ၇ ရက်တိုင်တိုင် အလှူကြီးပေး ကာ အနုမောဒနာတရား နာကြားဖို့ ဘုရားရှင်ရဲ့သပိတ်ကို ယူပါတယ်။

"ဒီနေရာမှာ မိုးလေးလနေမယ်၊ ဆောင်းလေးလနေ မယ်၊ နွေလေးလနေမယ်၊ ဒီအလုပ် ဒီအလုပ်တွေကို လုပ်မယ်" လို့ ပညာရှိဟာ မတွေးသင့်ပါ။ မိမိရဲ့ အသက်အန္တရာယ်ကို သာ တွေးသင့်ပါတယ်။ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ် အရွယ်မှာ သေမယ်လို့ အသက်အန္တရာယ်ကို မသိနိုင်ပါ"

ဘုရားရှင်ဟောတဲ့ ဒီတရားရဲ့အဆုံးမှာ ကုန်သည်ဟာ သောတာပန်ဖြစ်သွားပါတယ်။ ကုန်သည်ဟာ ဘုရားရှင်ကို လိုက်ပို့ပြီး ပြန်လာတော့ "ခေါင်းကိုက်သလိုဖြစ်တယ်"လို့ ပြောကာ အိပ်ရာပေါ် လှဲအိပ်လိုက်ရာ အိပ်ရင်းပဲ သေကာ တုသိတာနတ်ပြည်ကို ရောက်သွားပါတယ်။

(ဓမ္မပဒ၊ ဌ၊ ၃၊ ၂၆၉။)

## လူ့ရွာပြန်နတ်သမီး

"လူတွေရဲ့သက်တမ်းဟာ ဘယ်လောက်လဲ"

"တစ်ရာမျှပါပဲ"

"ဒီလောက်ပဲလား"

"ဟုတ်ပါတယ်အရှင်"

"ဒီလောက်ပဲအသက်ရှည်ကြတဲ့ လူတွေဟာ မေ့မေ့

http://www.dhammadownload.com



လျော့လျော့နဲ့ အချိန်ကို ကုန်လွန်စေကြတာလား၊ သို့မဟုတ် ဒါန စတဲ့ကောင်းမှုတွေကို ပြုကြသလား''

''ဘာကိုပြောလိုက်ပါလိမ့် အရှင်၊ နှစ်ပေါင်း မရေမတွက်နိုင်အောင် အသက်ရှည်ကြသူတွေလို မအိုမသေကြသူတွေလိုပဲ လူတွေဟာ အမြဲမေ့လျော့နေကြပါတယ်''

လူ့ပြည်မှာ သားလေးယောက်ရခဲ့တဲ့ နတ်သမီးက မာလဘာရီနတ်သားအား လူတွေအကြောင်းကို ပြောပြပါတယ်။ အဲဒီနတ်သမီးဟာ လူ့ဘဝမသွားခင်က မာလဘာရီနတ်သားအတွက် ဥယျာဉ်ထဲမှာ ပန်းခူးရင်း သစ်ကိုင်းပေါ်မှာ စုတေခဲ့ပါတယ်။ နတ်သမီးငါးရာက သစ်ပင်ပေါ်တက်ပြီး ပန်းခူးကြပါတယ်။ ကျန်တဲ့ ငါးရာက ကျလာတဲ့ပန်းတွေကို ယူကာ မာလဘာရီနတ်သားကို တန်ဆာဆင်ပေးကြပါတယ်။ အဲဒီနတ်သမီး စုတေတဲ့အခါ သူမရဲ့ကိုယ်ဟာ ဆီးမီးတောက်ပမာ ငြိမ်းခဲ့ပါတယ်။ သူမဟာ သာဝတ္ထိမြို့က အိမ်တစ်အိမ်မှာ ပဋိသန္ဓေယူပြီး မွေးဖွားလာတဲ့အခါ အတိတ်ဘဝကို ပြန်အောက်မေ့နိုင်လို့ မာလဘာရီနတ်သားရဲ့ မယားဖြစ်တာကို အမှတ်ရကာ အရွယ်ရောက်လာတဲ့အခါ ပန်းနံ့သာ စသည်နဲ့ ပူဇော်ပြီး လင်နတ်သားထံ ပြန်ဖြစ်ဖို့ ဆုတောင်းပါတယ်။

သူမဟာ အသက် ၁၆ နှစ်ရောက်တဲ့အခါ လင့်အိမ်ကို လိုက်သွားပြီးပေမယ့် စာရေးတံဆွမ်း၊ လဆန်းပက္ခ လဆုတ်ပက္ခဆွမ်း စတဲ့ အလှူဒါနတွေကိုပြုကာ ''ဒီကောင်းမှုဟာ မာလဘာရီနတ်သားထံ ပြန်ဖြစ်ဖို့အတွက် အထောက်အပံ့ဖြစ်ပါစေ''လို့ဆိုပါတယ်။ လင်နတ်သားကိုပဲ တောင့်တလို့ သူမကို

http://www.dhammadownload.com



ပတိပူဇိကာ (လင်ကိုပူဇော်သူ)လို့ ခေါ်ကြတယ်။ သူမကလည်း အမြဲနေရာဇရပ်ကို သန့်ရှင်းပါတယ်။သောက်ရေတည်ပါတယ်။ နေရာတွေ ခင်းပါတယ်။ အခြားလူတွေကလည်း စာရေးတံ ဆွမ်း စသည်ကို လှူချင်ရင် "ဒါတွေကိုလည်း ရဟန်းအပေါင်း အား လှူပေးပါ"လို့ပြောကာ ဆောင်ယူပြီး ပေးကြပါတယ်။ သူမမှာ သားလေးယောက် မွေးဖွားခဲ့ပါတယ်။

သူမဟာ တစ်နေ့မှာ အလှူလှူ ပူဇော်ပြီး တရားနာကာ သီလစောင့်ပြီး အဲဒီနေ့ရဲ့အဆုံးမှာ လတ်တလောဖြစ်တဲ့ ရောဂါနဲ့ သေခဲ့ပါတယ်။ မာလဘာရီနတ်သားထံ ပြန်ဖြစ်ပါတယ်။အခြားနတ်သမီးတွေက အဲဒီအချိန်တိုင်အောင် နတ်သားကို တန်ဆာဆင်ပေးနေကြတုန်းပါပဲ။ နတ်သားက သူမကို မြင်လို့ "နင့်ကို မနက်ပိုင်းမှာပဲ မတွေ့လိုက်ရဘူး၊ ဘယ်သွားနေတာလဲ"လို့ မေးလို့ အကြောင်းစုံကို ပြောပြပါတယ်။

"လူတွေဟာ ဒီလောက်မေ့လျော့နေကြရင် ဘယ်လို လုပ် ဒုက္ခက လွတ်နိုင်မှာလဲ"လို့ တွေးကာ မာလဘာရီ နတ်သားမှာ အကြီးအကျယ် သံဝေဂဖြစ်ပါတယ်။ လူတွေရဲ့ အနှစ်တစ်ရာဟာ တာဝတိံသာနတ်တွေရဲ့တစ်ရက်၊ ရက်ပေါင်း ၃၀ ဟာ တစ်လ၊ ၁၂ လဟာ တစ်နှစ်။ တာဝတိံသာမှာ နတ်သက်အားဖြင့် တစ်ထောင်သက်တမ်းရှိပါတယ်။ လူ့အသက် နဲ့ နှစ်ပေါင်း သုံးကုဋေခြောက်သန်းရှိပါတယ်။ ဒါကြောင့် အဲဒီမာလဘာရီနတ်သားရဲ့ တစ်နေ့တောင် မကုန်လွန်သေးဘဲ တစ်မုဟုတ်ကာလနဲ့ တူနေပါတယ်။ အဲဒီလိုအသက်တိုတဲ့လူ တွေရဲ့ မေ့လျော့တာဟာ အလွန်ပဲ မသင့်လျော်ပါ။

(ဓမ္မပဒ၊ ၄၊ ပ၊ ၂၃၀။)

http://www.dhammadownload.com



## သေမင်းမမြင်ရာ

ဒီခန္ဓာကိုယ် ရေမြှုပ်နဲ့တူတယ်။ အကြောင်းကတော့ အားမရှိ၊ ကြာရှည်စွာမတည်ဘဲ တစ်ခဏမျှ တည်တာကြောင့်ပါပဲ။ တံလျှပ်နဲ့လည်းတူတယ်။ တံလျှပ်ဟာ အဝေးကကြည့်ရင် အကောင်အထည်ရှိသလိုလို၊ ကိုင်ယူလို့ရသလိုလို ထင်ရတယ်။ အနီးသွားလိုက်တဲ့အခါမှာတော့ အချည်းနှီးပဲ။ ကိုင်ယူလို့မရ၊ ခန္ဓာကိုယ်ကလည်း တစ်ခဏပဲတည်လို့ တံလျှပ်နဲ့တူပါတယ်။ အဲဒီသဘောကို သိသူဟာ မာရ်မင်းရဲ့ ပန်းနဲ့တူတဲ့ ဝဋ်ဆင်းရဲကို အရိယမဂ်နဲ့ ဖြတ်တောက်ကာ သေမင်းမမြင်ရာ နိဗ္ဗာန်ကို သွားတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၁၄။)

## သေချိန်မရောက်မီ သေရသူ ၇ ဦး

၁။ ငတ်မွတ်ဆာလောင်သူဟာ အစာမရခဲ့ရင်

၂။ ရေငတ်သူဟာ သောက်ရေကို မရခဲ့ရင်

၃။ မြွေကိုက်ခံရလို့ အဆိပ်တက်နေသူဟာ ဆေးဆရာကို မရခဲ့ရင်

၄။ အဆိပ်စားမိလို့ အင်္ဂါကြီးငယ် ပူလောင်နေသူဟာ ဆေးကိုမရခဲ့ရင်

၅။ မီးလောင်ခံရသူဟာ မီးငြိမ်းမယ့်ဟာကို မရခဲ့ရင်

၆။ ရေနစ်နေသူဟာ ထောက်တည်ရာကို မရခဲ့ရင်

http://www.dhammadownload.com



၇။ လက်နက်မှန်လို့ အနာရှိသူဟာ ဆေးသမားကို မရခဲ့ရင်
သေချိန်မရောက်မီ သေကြရပါတယ်။

(မိလိန္ဒပဥှာပါဠိ။ ၂၉၁။)

## သတ္တဝါတွေသေခြင်းရဲ့အကြောင်း ၈ ပါး

၁။ လေ
၂။ သည်းခြေ
၃။ သလိပ်
၄။ လေ၊ သည်းခြေ၊ သလိပ် သုံးမျိုးပေါင်းဆုံမှု
၅။ ဥတုဖောက်ပြန်မှု
၆။ မသင့်တဲ့အစာ
၇။ သူတစ်ပါး လုံ့လပယောဂ
၈။ ကံရဲ့အကျိုး

(မိလိန္ဒပဥှာပါဠိ၊ ၂၉၁။)

## ဘဝနဲ့အကြောင်း

များသောအားဖြင့် သတ္တဝါတွေဟာ တဏှာကြောင့် ပြိတ္တာဘုံကို ရောက်ကြတယ်။ ဒေါသကြောင့် ကြမ်းတမ်းပုံချင်း ဒေါသနဲ့တူတဲ့ငရဲကို ရောက်ကြတယ်။ မောဟကြောင့် အမြဲတွေဝေနေတဲ့ တိရစ္ဆာန်ဘုံကို ရောက်ကြတယ်။

http://www.dhammadownload.com



အထူးအားဖြင့် အလောဘကြောင့် ပြိတ္တာဘုံမှာမဖြစ်၊ အဒေါသကြောင့် ငရဲမှာမဖြစ်၊ အမောဟကြောင့် တိရစ္ဆာန်ဘုံမှာ မဖြစ်။

(အဋ္ဌသာလိနီ၊ ဌ၊ ၁၇၂။)

## ကံနဲ့အကျိုး

၁။ ကံပြုလုပ်ချိန်မှာ အလောဘ အားနည်းပြီး အဒေါသ၊ အမောဟ အားကြီးသူမှာ အဲဒီကံက အကျိုးပေးရင် လောဘကြီးသူ၊ ဒေါသမရှိလို့ အေးဆေးချမ်းသာသူ၊ ဝရဇိန်ပမာ ဉာဏ်ပညာ ထက်မြက်သူ ဖြစ်မယ်။

၂။ ကံပြုလုပ်ချိန်မှာ အလောဘ၊ အဒေါသ အားနည်းပြီး အမောဟအားကြီးသူမှာ အဲဒီကံက အကျိုးပေးရင် လောဘ ဒေါသကြီးသူဖြစ်မယ်။ ဒတ္တာဘယထေရ်လို ဝရဇိန်ပမာ ဉာဏ်ပညာ ထက်မြက်သူဖြစ်မယ်။

၃။ ကံပြုလုပ်ချိန်မှာ အဒေါသအားကြီးပြီး အလောဘ အမောဟ အားနည်းသူမှာ အဲဒီကံက အကျိုးပေးရင်လောဘကြီး၊ မောဟကြီးသူဖြစ်မယ်။ ဒေါသ မကြီးလို့ ချမ်းချမ်းသာသာ အေးအေးဆေးဆေး နေသူဖြစ်မယ်။

http://www.dhammadownload.com



၄။ ကံပြုလုပ်ချိန်မှာ လောဘ၊ ဒေါသ၊ မောဟ အားကြီးသူမှာ အဲဒီကံကအကျိုးပေးရင် လောဘ၊ ဒေါသ၊ မောဟကြီးသူဖြစ်မယ်။

၅။ ကံပြုလုပ်ချိန်မှာ ဒေါသ၊ မောဟ အားကြီးပြီး လောဘအားနည်းသူမှာ အဲဒီကံကအကျိုးပေးရင် ဒေါသကြီးသူ၊ ပညာနည်းသူဖြစ်မယ်။ နတ်ပြည်အာရုံကို မြင်တောင်မှ မသာယာ၊ မတပ်မက်၊ မတွန့်လှုပ်သူ ဖြစ်မယ်။

၆။ ကံပြုလုပ်ချိန်မှာ မောဟအားကြီးပြီး လောဘ၊ ဒေါသ အားနည်းသူမှာ အဲဒီကံကအကျိုးပေးရင် လောဘမကြီးသူ၊ ဒေါသမရှိလို့ အေးဆေးချမ်းသာသူဖြစ်မယ်။ ပညာထိုင်းမယ်။

၇။ ကံပြုလုပ်ချိန်မှာ ဒေါသအားကြီးပြီး လောဘ၊ မောဟ အားနည်းသူမှာ အဲဒီကံကအကျိုးပေးရင် လောဘမကြီးသူ ပညာရှိဖြစ်မယ်၊ ဒေါသကြီးသူ ဖြစ်မယ်။

၈။ ကံပြုလုပ်ချိန်မှာ အလောဘ၊အဒေါသ၊ အမောဟ အားကြီးပြီး လောဘ၊ ဒေါသ၊ မောဟ အားနည်းသူမှာ အဲဒီကံကအကျိုးပေးရင် မဟာသံဃရက္ခိတထေရ်ပမာ လောဘမကြီးသူ၊ ဒေါသမကြီးသူ ပညာရှိဖြစ်မယ်။

(အဋ္ဌသာလိနီ၊ ဋ္ဌ၊ ၃၀၈/၉။)

http://www.dhammadownload.com



# ရန်သူသုံးယောက်

ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှုဆိုတဲ့ (ဇာတိ၊ ဇရာ၊ မရဏဆိုတဲ့) တရားသုံးပါးဟာ သတ္တဝါတွေအတွက် သံလျက်ကိုင်လာတဲ့ ရန်သူတွေနဲ့ တူပါတယ်။ လူတစ်ယောက်ကို ရန်သူ ၃ ယောက်က အခွင့်ချောင်းပြီး လှည့်လည်နေကြပါတယ်။ အဲဒီသုံးယောက်ထဲက တစ်ယောက်က "ဒီလူကို ခေါ်ဆောင်ပြီး တောအုပ်ထဲသွင်းပေးဖို့က ငါ့တာဝန်ဖြစ်ပါစေ"လို့ ပြောပါတယ်။ ဒုတိယတစ်ယောက်က "ဒီလူ တောအုပ်ထဲရောက်တဲ့အခါ ရိုက်နှက်ပုတ်ခတ်ပြီး မြေကြီးပေါ်လဲကျအောင်လုပ်ဖို့က ငါ့တာဝန်ဖြစ်ပါစေ"လို့ ပြောပါတယ်။ တတိယတစ်ယောက်က "မြေကြီးပေါ်လဲကျတဲ့အချိန်ကစပြီး သံလျက်နဲ့ ဦးခေါင်းကိုဖြတ်ဖို့က ငါ့တာဝန်ဖြစ်ပါစေ"လို့ ပြောပါတယ်။ ဇာတိ၊ ဇရာ၊ မရဏတွေဟာ အဲဒီလိုပါပဲ။

ဇာတိက တုတ်ဆောင်ပြီး တောအုပ်ထဲသွင်းပေးတဲ့ ရန်သူနဲ့တူပါတယ်။ အကြောင်းကတော့ ထိုထိုဘုံဘဝမှာ ဖြစ်စေတတ်လို့ပါပဲ။

ဇရာက တောအုပ်ထဲရောက်လာသူကို ရိုက်နှက်ပုတ်ခတ်ပြီး မြေကြီးပေါ်လဲကျစေတဲ့ရန်သူနဲ့ တူပါတယ်။အကြောင်းကတော့ ဖြစ်ထားတဲ့ခန္ဓာတွေကို အားမရှိအောင်၊ သူတစ်ပါးနဲ့ ဆက်စပ်အောင်၊ ညောင်စောင်းပေါ် လဲလျောင်းအောင် လုပ်တတ်လို့ပါပဲ။

http://www.dhammadownload.com



မရဏာက မြေကြီးပေါ်ရောက်နေသူရဲ့ ဦးခေါင်းကို သံလျက်နဲ့ဖြတ်တဲ့ ရန်သူနဲ့ တူပါတယ်။ အကြောင်းကတော့ အိုတဲ့ခန္ဓာတွေကို အသက်ကုန်အောင်လုပ်လို့ပါပဲ။

(အင္ဂုတ္တရ၊ ဠ၊ ၃၆၅/၆။)

## ဘုရားနဲ့ ဇရာ

ဘုရားရှင်ဟာ ဝိသာခါလှူထားတဲ့ ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံးခိုက် ဖြစ်ပါတယ်။ ဘုရားရှင်ဟာ ညနေပိုင်း ဖလသမာပတ်ဝင်စားရာမှ ထလာပါတယ်။ ကျောင်းရဲ့အရိပ်က အရှေ့အရပ်ကို ကွယ်ထားပါတယ်။ အနောက်ဘက်မှာ နေပူနေပါတယ်။ ဘုရားရှင်အတွက် ခင်းထားတဲ့နေရာမှာ ဘုရားရှင်က ထိုင်နေပါတယ်။ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်မှာလည်း ပူတဲ့အခါ ပူပါတယ်။ အေးတဲ့အခါ အေးပါတယ်။ ယခုအခါ ဆီးနှင်းကျရာ အေးတဲ့အခါ ဖြစ်ပါတယ်။ ဒါကြောင့် သင်္ကန်းကြီးကိုချကာ နေရောင်တွေနဲ့ ကျောကို အပူပေးပြီး ထိုင်နေပါတယ်။ အရှင်အာနန္ဒာက မြတ်စွာဘုရားထံသွားပြီး မြတ်စွာဘုရားကို ရှိခိုးကာ မြတ်စွာဘုရားရဲ့ ကျောကုန်းကို လက်နဲ့ ပွတ်ပေးကာ မြတ်စွာဘုရားကို ဒီလိုလျှောက်ထားပါတယ်။

"အံ့ဩစရာကောင်းပါတယ်ဘုရား၊ ထူးဆန်းပါတယ် ဘုရား"

ကျောဘက်က သင်္ကန်းကြီးကိုချပြီး ထိုင်နေတဲ့ ဘုရားရှင်ရဲ့ ပခုံးနှစ်ခုကြားမှာ ရွှေအရစ်ပမာ ဆံဖျားလောက် အရေ

http://www.dhammadownload.com



တွန့်အရစ်ကို အရှင်အာနန္ဒာက မြင်လို့ "ဒီလိုသဘောရှိတဲ့ ခန္ဓာကိုယ်မှာတောင် ဇရာဟာ ထင်ရှားသေးတယ်"လို့ သံဝေဂ ဖြစ်ကာ ဇရာကို ကဲ့ရဲ့လိုလို့ အံ့သြစရာ ထူးဆန်းတဲ့အရာ အဖြစ် ပြောပါတယ်။

"မြတ်စွာဘုရား မြတ်စွာဘုရားရဲ့ အရေအဆင်းဟာ ပကတိအားဖြင့် ဖြူစင်ပါတယ်။ အခုတော့ အဲဒီလိုမဟုတ်တော့ပါ။ (ပခုံးနှစ်ခုကြားက အရေတွန့်အရေးအကြောင်းကို ကြည့်ပြီး) မြတ်စွာဘုရားရဲ့ခန္ဓာကိုယ်ဟာ လျော့နေပါတယ်။ အရေတွန့်နေပါတယ်။ ခန္ဓာကိုယ်ကလည်း ရှေ့ကို ကိုင်းနေပါတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ ဣန္ဒြေတွေဟာ ပြောင်းလဲနေပါတယ်"လို့ လျှောက်ပါတယ်။

"အာနန္ဒာ မှန်ပေတယ်။ နုပျိုမှုမှာ အိုမှုရှိတယ်။ မာမှုမှာ နာမှုရှိတယ်။ ရှင်မှုမှာ သေမှုရှိတယ်။ ပကတိအားဖြင့် အရေအဆင်းဟာ ဖြူစင်တယ်။ အခုတော့ ဒီလိုမဟုတ်တော့ဘူး။ ခန္ဓာကိုယ်ဟာ လျော့နေတယ်။ အရေတွန့်နေတယ်။ ရှေ့ကို ကိုင်းနေတယ်။ ဣန္ဒြေတွေ ပြောင်းလဲနေတယ်"လို့ ဘုရားရှင်က အရှင်အာနန္ဒာအား အမိန့်ရှိပါတယ်။

အဲဒီအခါ ဘုရားရှင်က အောက်ပါစကားတော်တို့ကို ထပ်ပြီး မိန့်တော်မူပါတယ်။

"ယုတ်မာတဲ့ အိုဇရာ သင်ဟာ စက်ဆုပ်ဖွယ်ကောင်းပါပေတယ်။ အဆင်းမလှအောင်လုပ်တတ်တဲ့ အိုဇရာ၊ သင်ဟာ စက်ဆုပ်ဖွယ်ကောင်းပါပေတယ်။ စိတ်ကြည်နူးစရာ ကိုယ်ခန္ဓာကို ဇရာက နင်းခြေဖျက်ဆီးတယ်"

http://www.dhammadownload.com



"အသက်တစ်ရာရှည်သူဟာလည်း သေမင်းထံလဲလျောင်း ရတယ်၊ သေမင်းက ဘယ်သူ့ကိုမှ မရှောင်ဘူး။ အားလုံးကိုပဲ နင်းခြေဖျက်ဆီးတယ်''

(သံယုတ်၊ ၃၊ ၁၉၁။)

## အချည်းနှီးအချိန်မကုန်ရာ

သူခိုးကို ခိုးသူသတ်သမားက သတ်ဖြတ်သလို သေမင်း က သတ္တဝါအားလုံးကို သတ်ဖြတ်တယ်။ အလွတ်မပေးဘူး။ ပဋိသန္ဓေတည်ပြီးနောက်မှာ သေမင်းဆီကို ပို့ပေးတဲ့တာဝန်ကို ယူထားတဲ့ ဇရာက သတ္တဝါတွေကို ဝန်းရံလွှမ်းမိုးထားပါတယ်။ တဏှာမြားက သတ္တဝါတွေရဲ့ နှလုံးသားအတွင်းမှာ စူးဝင်နေ ပါတယ်။ အာရုံကို လိုလားတောင့်တတဲ့တဏှာက သတ္တဝါတွေ ကို လောင်မြိုက်နေပါတယ်။

သေမင်းက သတ္တဝါတွေကို နှိပ်စက်သတ်ဖြတ်ရုံ သက်သက်မဟုတ်ပါဘူး။ ဇရာတံတိုင်းကိုလည်း ကာရံထား ပါတယ်။ ဇရာကို မကျော်လွန်နိုင်ပါဘူး။ ခိုကိုးရာမဲ့ပြီး အမြဲ ဇရာ၊ မရဏတွေရဲ့ အနှိပ်အစက်ကို ခံနေရပါတယ်။ သေဒဏ် ပေးခံရတဲ့ ခိုးသူဟာ မင်းအာဏာနဲ့ အသတ်ခံရသလိုပါပဲ။

တောမီးကြီးလောင်လာတဲ့အခါ တောမီးကြီးက တော ကောင်တွေကို လောင်မြိုက်သလိုပါပဲ။ ဇရာ၊ ဗျာဓိ၊ မရဏ တွေကလည်း သတ္တဝါတွေကို လောင်မြိုက်ကြပါတယ်။ အဲဒီလို လွှမ်းမိုးလောင်မြိုက်လာတဲ့အခါ လွှမ်းမိုးနိုင်တဲ့အင်အား သတ္တဝါ

http://www.dhammadownload.com



တွေမှာမရှိပါ။ လွတ်အောင်ထွက်ပြေးဖို့ရာလည်း စွမ်းအား အဟုန်မရှိပါ။

အားကောင်းလှတဲ့ ဇရာရန်သူ၊ ဗျာဓိရန်သူ၊ မရဏ ရန်သူတွေ အမြဲအနီးမှာ ရှိနေရာမှာ မာယာ စတဲ့နည်းဗျူဟာ တွေနဲ့ နိုင်အောင်မလုပ်နိုင်ရင် ဘာလုပ်ရမလဲ။ အချိန်ကို အချည်းနှီး မဖြုန်းတီးရာ။ အနည်းဆုံး နံ့သာတစ်ရှူကာလ လောက် ဝိပဿနာအားထုတ်ပြီးတော့ဖြစ်စေ၊ နေ့အားလုံး ညအားလုံး ဝိပဿနာအားထုတ်ပြီးတော့ဖြစ်စေ အချိန်ကို အကျိုးရှိအောင် ပြုလုပ်ရပါတယ်။ နေ့ညတွေ ကုန်ဆုံးလာ လေလေ အသက်ဟာ ကုန်ဆုံးသွားလေလေပါပဲ။

သွား၊ ရပ်၊ ထိုင်၊ လျောင်းဆိုတဲ့ ဣရိယာပုတ် လေးမျိုး မှာ သေရမယ့်အချိန်ဟာ နီးနီးလာလေပါပဲ။ ဘယ်အချိန်မှာ သေရမယ်ဆိုတာ မသိနိုင်တဲ့အတွက် ဒီအချိန်ဟာ မေ့မေ့ လျော့လျော့ နေရမယ့်အချိန်မဟုတ်ပါ။ ဒါကြောင့် မိမိကိုယ်ကို ဆုံးမပြီး မမေ့မလျော့ဘဲ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး မှာ ကြိုးစားအားထုတ်ရပါမယ်။

(ထေရဂါထာပါဠိ၊ ၂၈၉။)

# နေ့မြင်ညပျောက်

နံနက်မှာတွေ့ရတဲ့ လူအများကို ညနေမှာ မတွေ့ရ တော့ပါ။ ညနေမှာတွေ့ရတဲ့ လူအများဟာ နံနက်မှာ မတွေ့ရ တော့ပါ။ (သေသွားပါတယ်။)

http://www.dhammadownload.com



မှည့်နေတဲ့သစ်သီးတွေဟာ အမြဲပဲ ကြွေကျနိုင်သလို မွေးလာတဲ့ သတ္တဝါတွေမှာ အမြဲပဲ သေဘေးကျရောက်နိုင်ပါတယ်။

(ဇာတကပါဠိ၊ ၃၊ ၁၅၉။)

## ကမ်းနားသစ်ပင်

ဖခင်ကာသိမင်းအား ဘုရားအလောင်းတော်ဖြစ်တဲ့ သားတော် တေမိယက အောက်ပါစကားတွေကို ပြောကြားပါတယ်။

"ဖခင်ကာသိမင်း အကျွန်ုပ်ဟာ 'အမေ အဖေ'လို့ ခေါ်ပြောနေတဲ့ ကလေးငယ်လေး ငယ်ရွယ်စဉ်ကလေးဘဝမှာပဲ မအိုရသေးဘဲ သေသွားတာကို မြင်ရပါတယ်။ ငယ်ရွယ်တဲ့ လှပသူကလေးမငယ်လေး သေသွားတာကိုလည်း မြင်ရပါတယ်။ ငယ်ရွယ်တဲ့ အမျိုးသား အမျိုးသမီးတွေလည်း သေကြရပါတယ်။ ငါဟာ ငယ်သေးတယ်ဆိုပြီး အသက်ရှင်ရစဉ်မှာ မပေါ့တန်ရာပါ"

"ဖခင်ကာသိမင်း တစ်နေ့ထက်တစ်နေ့ အသက်ဟာ ပိုပိုတိုလာပါတယ်၊ နေရမယ့်အချိန်က နည်းနည်းလာပါတယ်။ သေချိန်က နီးနီးလာပါတယ်။ ရေနည်းနည်းထဲက ငါးတွေလိုပါပဲ။ ငယ်ရွယ်နုပျိုတာဟာ ဘာလုပ်မှာလဲ"

"ဖခင်ကာသိမင်း ချည်ကိုငင်နေသူမှာ မငင်ရသေးတာဟာ နည်းနည်းလာသလို သတ္တဝါတွေရဲ့အသက်ဟာလည်း

http://www.dhammadownload.com



နည်းနည်းလာပါတယ်။ စီးဆင်းနေတဲ့ ကမ်းအပြည့် မြစ်ရေ ဟာ နောက်ကို ပြန်ဆုတ်ရိုးထုံးစံ မရှိသလို သတ္တဝါတွေရဲ့အသက် ဟာလည်း သေမင်းဆီကိုသာ တစ်သွားတည်း သွားနေပါတယ်။ နောက်ကိုပြန်သွားရိုးမရှိပါ။ ကမ်းအပြည့် မြစ်ရေဟာ ကမ်းနား သစ်ပင်ကို တိုက်စားလဲ့ပြိုသလို ဇရာ၊ မရဏဟာ သတ္တဝါအားလုံး ကို လိုက်စားတူးဖြိုနေပါတယ်''

''ဖခင်ကာသိမင်း သေမင်းဟာ ငါ့ကို မမေ့ဘူး၊ ငါ့ကို သတ်ဖို့ အမြဲပဲ သတိရှိနေတယ်လို့ ငါသိနေပါတယ်။ သေမင်း လွှမ်းမိုးခံရတဲ့အခါ ပျော်စရာ ဘယ်မှာရှိမှာလဲ။ ဥစ္စာရှာတာ ဘာလုပ်မှာလဲ''

''ဖခင်ကာသိမင်း ငယ်ရွယ်သူဟာ အကျင့်မြတ်ကို ကျင့်ရမယ်၊ အကျင့်မြတ်ကိုကျင့်သူဟာ ငယ်ရွယ်သူဖြစ်ရမယ်။ ငယ်ရွယ်သူ ရှင်ရဟန်းဝတ်တာကို ဘုရား စတဲ့သူတော်ကောင်း တွေ ချီးမွမ်းကြပါတယ်။ ငါဟာ မြတ်တဲ့အကျင့်ကို ကျင့်ပါ မယ်။ မင်းအဖြစ်ကို အလိုမရှိပါ''

(ဇာတကပါဠိ၊ ၃၊ ၁၅၇၊ ၈၊ ၉။)

# ဝက်

ဘုရားအလောင်းတော် စူဠသုတသောမက လူအများ အား ဒီလိုပြောကြားခဲ့ပါတယ်။

''ရေစစ်ထဲက ရေအနည်းငယ်ပမာ အသက်ဟာအကုန် မြန်ပါတယ်။ အသက်အလွန်တိုနေတဲ့သတ္တဝါတွေမှာ ကောင်းမှု

http://www.dhammadownload.com



တွေကို ပြုဖို့ မမေ့မလျော့ရမယ့်အချိန်ဖြစ်ပါတယ်။ လူမိုက်တွေက မအိုမသေသူတွေလို ကျင်ကြီးညွှန်ထဲက ဝက်တွေလို ကာမဂုဏ်ညွှန်တွေထဲမှာ နစ်မြုပ်ကာ မေ့လျော့နေကြပါတယ်"

(ဇာတကပါဠိ၊ ၃၊ ၂၈။)

## အချိန်ကိုစားသူ

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုတုန်း ဘုရားလောင်းဟာ ပုဏ္ဏားမျိုးမှာ ဖြစ်ပါတယ်။ အရွယ်ရောက်တဲ့အခါ ဝေဒသုံးပုံမှာ တစ်ဖက်ကမ်းရောက် တတ်မြောက်ပြီး ဒိသာပါမောက္ခဆရာကြီးဖြစ်ကာ လုလင်ငါးရာတို့အား မန္တန်တွေ သင်ပေးပါတယ်။ အတတ်ပညာ ပြီးဆုံးသွားကြတဲ့ လုလင်ငါးရာကလည်း အတတ်ပညာမှာ စုံစမ်းမှုပြုပြီး "ငါတို့တတ်သိသလောက် ဆရာလည်း တတ်သိတာပါပဲ။ မထူးပါဘူး"လို့ မာနထောင်ကာ ဆရာ့ထံ မသွားကြပါ။ ဝတ်ကြီးဝတ်ငယ်ကိုလည်း မပြုလုပ်ကြတော့ပါ။

တစ်နေ့မှာ ဆရာက ဆီးပင်အောက်ထိုင်နေတုန်း ဆရာကို ရှုတ်ချလိုလို့ (နှိမ်လိုလို့) ဆီးပင်ကို လက်သည်းနဲ့ခေါက်ကာ "ဒီသစ်ပင်ဟာ အနှစ်မရှိဘဲကိုး"လို့ လုလင်ငါးရာက ပြောကြပါတယ်။ ဘုရားအလောင်းတော် ဆရာကြီးက ငါ့ကို ရှုတ်ချလိုလို့ ဆိုတာ သိတဲ့အတွက် တပည့်လုလင်တွေကို "ငါက မင်းတို့ကို မေးခွန်းတစ်ခုမေးမယ်"လို့ ပြောတဲ့အခါ လုလင်ငါးရာက "မေးပါ ကျွန်တော်တို့ ဖြေကြပါမယ်"လို့ ပြောလို့ ဒီပထမဂါထာကို ရွတ်ပြပါတယ်။

http://www.dhammadownload.com



ကာလော ဃသတိ ဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ။
ယောစ ကာလဃသော ဘူတော၊ သ ဘူတပစနိံပစိ။

ဒီမေးခွန်းရဲ့အဖြေကို တစ်ယောက်မှ မသိနိုင်ကြပါ။ အဲဒီအခါ ဘုရားအလောင်းဆရာကြီးက "ဒီမေးခွန်းဟာ ဝေဒ သုံးပုံထဲမှာပါတယ်လို့ မထင်ကြနဲ့။ ငါဆရာသိသမျှကို သင်တို့ တပည့်တွေ သိကြတယ်လို့ အထင်ရောက်နေကြတဲ့ သင်တို့ တစ်တွေဟာ ငါ့ကို ဆီးပင်နဲ့နှိုင်းကြတယ်။ သင်တို့တပည့်တွေ မသိသေးတဲ့အရာများစွာကို ငါဆရာ သိတယ်ဆိုတာကို သင်တို့ မသိကြဘူး။ သွားကြ။ ၇ ရက်မြောက်အထိ အချိန်ပေးတယ်။ ဒီအချိန်အတွင်း ဒီပြဿနာရဲ့အဖြေကို စဉ်းစားရှာဖွေခဲ့ကြ"လို့ ပြောလိုက်ပါတယ်။ တပည့်လုလင်တွေဟာ ဘုရားအလောင်း ဆရာကြီးကို ရှိခိုးပြီး မိမိနေရာကို သွားကာ ၇ ရက်ပတ်လုံး စဉ်းစားကြပေမယ့် ပြဿနာရဲ့ အဆုံးအစွန်ကို မတွေ့ကြရပါ။

တပည့်လုလင်တွေဟာ ၇ ရက်မြောက်နေ့မှာ ဆရာကြီးထံသွားပြီး ရှိခိုးထိုင်နေကာ "ပြဿနာကို သိခဲ့ကြသလား" လို့ မေးတဲ့အခါ "မသိကြပါ"လို့ ဖြေကြပါတယ်။ အဲဒီအခါ လုလင်တွေကိုကဲ့ရဲ့လိုလို့ ဒုတိယဂါထာနဲ့ အောက်ပါအဓိပ္ပာယ် ကို ပြောပါတယ်။

"လူတွေရဲ့ဦးခေါင်းတွေ အများကြီးရှိတယ်၊ ဆံပင်တွေ လည်းရှိတယ်၊ ဦးခေါင်းတွေကို လည်ပင်းတွေမှာ ထားတယ်၊ ထန်းသီးမှည့်လို လက်နဲ့ယူလို့မရ။ လူတွေမှာ ဘာမျှထူးတာ မရှိ၊ ဒါပေမဲ့ တချို့လူမှာသာ နားရှိတယ်"

http://www.dhammadownload.com



နားပေါက်ကတော့ လူတိုင်းမှာရှိပါတယ်။ "နားရှိတယ်"ဆိုတဲ့စကားမှာ "ပညာရှိတယ်"လို့ ဆိုလိုပါတယ်။ "အသိပညာမရှိတဲ့ အသင်တို့တပည့်တွေမှာ နားပေါက်မျှပဲရှိတယ်။ ပညာမရှိဘူး"လို့ ကဲ့ရဲ့ကာ ပထမဂါထာရဲ့အဖြေကို ပြောပြပါတယ်။ အဖြေကို ကြားရတဲ့အခါ "သြော် ဆရာတွေဆိုတာ ကြီးမားမြင့်မြတ်ကြပါပေတယ်"လို့ သဘောပေါက်ကာ တောင်းပန်ပြီး မာန်ကျကာ ဘုရားလောင်းဆရာကြီးကို ပြုစုလုပ်ကျွေးကြပါတယ်။

ပထမဂါထာရဲ့အဖြေက အောက်ပါအတိုင်း ဖြစ်ပါတယ်။

နံနက်၊ နေ့လယ်၊ ညနေ စတဲ့အချိန်အခါက သတ္တဝါတွေကို စားပါတယ်။ စားတဲ့အခါ အရေ၊ အသား စတာတွေကို နုတ်ယူပြီး စားတာမဟုတ်ပါ။ သတ္တဝါတွေရဲ့ အသက်၊ အဆင်း၊ အင်အားတွေကို ကုန်စေကာ နုပျိုမှုကို ချေဖျက်၊ ကျန်းမာမှုကို ဖျက်ဆီးတာကို စားတယ်လို့ ဆိုလိုပါတယ်။ စားတဲ့အခါ ဘယ်သူ့ကိုမျှ မရှောင်ပါ။ အားလုံးကိုပဲ စားပါတယ်။ သူ့အချိန်ကိုလည်း အချိန်က ပြန်စားပါတယ်။ နံနက်ပိုင်းအချိန်က နေ့လယ်ပိုင်းအချိန်ကို မရောက်ပါ။ နေ့လယ်၊ ညနေ စတဲ့အချိန်တွေမှာလည်း ဒီအတိုင်းပါပဲ။ အဲဒီလိုနည်းနဲ့ အချိန်က အချိန်ကိုလည်း ပြန်စားပါတယ်။

အချိန်ကိုစားတဲ့သတ္တဝါက သတ္တဝါတွေကိုလောင်မြိုက်တဲ့အရာကို လောင်မြိုက်ပစ်ပါတယ်။

http://www.dhammadownload.com



"အချိန်ကိုစားတဲ့သတ္တဝါ"ဆိုတာ ရဟန္တာကို ဆိုလိုပါတယ်။ ရဟန္တာဟာ အရဟတ္တမဂ်နဲ့ အနာဂတ် ပဋိသန္ဓေအချိန်ကို ကုန်စေထားသူ၊ ခဲစားထားသူ ဖြစ်ပါတယ်။ သတ္တဝါတွေကို လောင်မြိုက်တဲ့အရာဆိုတာ တဏှာကို ဆိုလိုပါတယ်။ တဏှာက အပါယ်လေးပါးတွေမှာ သတ္တဝါတွေကို ချက်ပါတယ်။ လောင်မြိုက်ပါတယ်။ ရဟန္တာက အဲဒီတဏှာကို အရဟတ္တမဂ်ဉာဏ်နဲ့ ရှို့ပစ်ပါတယ်။ ပြာကျအောင် ချပစ်ပါတယ်။

(ဇာတက၊ ၄၊ ၃၊ ၂၃၇။)

## သေရာမှာ သတ်မှတ်ချက်မရှိ

"ငါ မျက်စိမှိတ်ပြရင် မျက်စပစ်ပြရင် အဲဒီပစ္စည်းကို ယူလော့"လို့ စသည်နဲ့ပြောတဲ့နေရာတွေမှာ အမူအရာ အမှတ်အသားရှိသလို အသက်ရှင်မှုမှာ အမှတ်အသားမရှိပါ။ မှန်ပါတယ်။ "ငါ ဒါ ဒါတွေလုပ်နေသမျှ သင်အသက်ရှင်နေပါ မသေပါနဲ့"လို့ ပြောမရနိုင်ပါ။ ဒါကြောင့်ပဲ "အသက်တမ်း ဒီလောက် ဒီလောက် ဒီသူဟာ အသက်ရှင်ထိုက်တယ်"လို့ ဘဝရဲ့ သက်တမ်းအဆုံးနဲ့စပ်ပြီး သေချာပေါက် မသိနိုင်ပါ။ အသက်ဟာ ထွက်လေ ဝင်လေ၊ မဟာဘုတ်၊ အစားအစာ၊ ဝမ်းမီး၊ စိတ်တွေနဲ့ ဆက်စပ်နေပါတယ်။ အသက်မရှူမရှိုက်ရင် အသက်မရှင်ပါ။ ဓာတ်လေးပါးပျက်ရင် အသက်မရှင်ပါ။ အာဟာရပြတ်ရင် အသက်မရှင်ပါ။ ဝမ်းမီးကုန်ရင် အသက်မရှင်ပါ။ စိတ်ချုပ်ရင် အသက်မရှင်ပါ။

http://www.dhammadownload.com



လူတွေရဲ့အသက်ဟာ နတ်သက်ကို ထောက်ဆရင် မြက်ဖျားပေါ်ကနှင်းပေါက်ပမာ ဖြစ်ပါတယ်။ အေးလို့ခံရတဲ့ ဒုက္ခ၊ ပူလို့ခံရတဲ့ဒုက္ခ၊ ခြင်ကိုက်လို့ခံရတဲ့ဒုက္ခ၊ မှက် စသည် ကိုက်လို့ ခံရတဲ့ဒုက္ခ၊ ရေဆာလို့ခံရတဲ့ဒုက္ခ၊ ထမင်းဆာလို့ ခံရတဲ့ဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ၊ ဒုက္ခဒုက္ခတွေနဲ့ ယှဉ်တွဲနေပါတယ်။

မွေးဖွားလာတဲ့သူတွေ မသေအောင် ဘယ်လိုကြိုးစားမှု နဲ့မျှ မစောင့်ရှောက်နိုင်ပါ။ အိုပြီးသေတာလည်းရှိတယ်၊ မအို ဘဲနဲ့သေတာလည်းရှိတယ်၊ သေရာမှာ သတ်မှတ်ချက်မရှိပါ။

မှည့်ရင့်နေတဲ့သစ်သီးတွေဟာ နံနက်တိုင်း နံနက်တိုင်း အမြဲကြွေကျသလို မွေးလာတဲ့သတ္တဝါတွေဟာ အမြဲသေနေ ကြပါတယ်။ မှန်ပါတယ်။ သတ္တဝါတွေဟာ အသီးမှည့်နဲ့ တူကြပါတယ်။

အိုးထိန်းသည်ရဲ့ အိုးမှန်သမျှ ကွဲခြင်းအဆုံးရှိသလို သတ္တဝါတွေရဲ့အသက်ဟာလည်း သေခြင်းအဆုံးရှိတယ်။

ကြီးသူတွေရော၊ ငယ်ရွယ်သူတွေရော၊ လူမိုက်တွေရော၊ လူလိမ္မာတွေရော သတ္တဝါအားလုံး သေမင်းအလိုကို လိုက် ကြရတယ်။ သတ္တဝါအားလုံးဟာ သေမင်းထံမှာ လဲလျောင်း မှီခိုနေကြရတယ်။

ဆွေမျိုးတွေကြည့်နေကြတုန်းမှာပဲ "အမေ အဖေ" စသည်နဲ့ အမျိုးမျိုးတမ်းတပြောဆိုနေတဲ့ သတ္တဝါတွေကို သတ် ရမယ့်နွားကို ခေါ်ဆောင်သွားသလို သေမင်းက ခေါ်ဆောင် သွားပါတယ်။

(သုတ္တနိပါတပါဠိ၊ ၃၇၁။)

http://www.dhammadownload.com



# လက်လျှော့သွားတဲ့ နတ်သမီး

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းအုပ်ချုပ်နေတုန်း ဘုရားအလောင်းက ကာသိရွာငယ်က ပုဏ္ဏားမျိုးမှာ ဖြစ်ပါတယ်။ အရွယ်ရောက်လို့ အတတ်ပညာစုံတဲ့အခါ ရသေ့ဝတ်ပါတယ်။ အဘိညာ သမာပတ်တွေကိုရပြီး ဟိမဝန္တာအရပ်က အိုင်လေးတစ်အိုင်ကို အမှီပြုကာနေပါတယ်။ သူဟာ တစ်ညလုံး တရားကြိုးစားအားထုတ်ပါတယ်။ အရုဏ်တက်တဲ့အခါ ရေချိုးပြီး ခါးဝတ်ဝတ်ကာ ကိုယ်ရုံအဝတ်ကို လက်က ယူကာ ကိုယ်ကို ရေကုန်စင်အောင်လုပ်ရင်း ရပ်နေပါတယ်။ အဲဒီအခါ ဘုရားလောင်းရဲ့ လှပတင့်တယ်တဲ့ ခန္ဓာကိုယ်ကို ကြည့်ပြီး တပ်မက်သာယာနေတဲ့ နတ်သမီးတစ်ယောက်က ဘုရားလောင်းကို ဖြားယောင်းစကား ပြောကြားပါတယ်။

"အို ရသေ့၊ သင်ဟာ ငယ်ရွယ်စဉ်မှာ ကာမဂုဏ်အာရုံတွေကို မခံစားဘဲ ဆွမ်းခံလှည့်လည်တယ်။ ကာမဂုဏ်ငါးပါး အာရုံတရားတွေကို ခံစားပြီးမှ ဆွမ်းခံလှည့်ထိုက်တယ် မဟုတ်ပါလား။ အို ရသေ့ ငယ်ရွယ်စဉ်မှာ ကာမဂုဏ်တွေကို ခံစားပြီး နောင်အသက်ကြီးတဲ့အခါရောက်မှ ရသေ့ဘဝနဲ့ ဆွမ်းခံလှည့်လည်ပါ။ ယခုအချိန်က ကာမဂုဏ်တွေကို ခံစားရမယ့် ငယ်ရွယ်တဲ့အချိန် ဖြစ်ပါတယ်။ အဲဒီအချိန်ကောင်းကို လက်လွတ်မခံပါနဲ့"

ဘုရားအလောင်းရသေ့က နတ်သမီးရဲ့စကားကို ကြားရတဲ့အခါ သူ့ရဲ့သဘောထားကို ဒီလိုပြောကြားလိုက်ပါတယ်။

http://www.dhammadownload.com



"အို နတ်သမီး၊ ငါဟာ ပထမအရွယ်မှာ သေရမယ်၊ မဇ္ဈိမ(အလယ်ပိုင်း)အရွယ်မှာ သေရမယ်၊ နောက်ပိုင်းအရွယ်မှာ သေရမယ်"လို့ ငါသေရမယ့်အချိန်ကို ငါမသိပါ။ ငါသေရမယ့်အချိန်ဟာ ဖုံးကွယ်နေလို့ မထင်ရှားပါ။ ဒါကြောင့် ကာမဂုဏ်တွေကို မခံစားဘဲ ရသေ့ဝတ်နဲ့ ဆွမ်းခံပါတယ်။ တရားအားထုတ်ရတဲ့ အချိန်ကောင်းကို ငါဟာ လက်လွှတ်ဆုံးရှုံးမခံနိုင်ပါ။ ဒါကြောင့် ငါဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ရသေ့ဝတ်ပြီး တရားအားထုတ်နေပါတယ်။

နတ်သမီးဟာ ဘုရားလောင်းရဲ့စကားကို ကြားရလို့ အဲဒီနေရာမှာပဲ ကွယ်ပျောက်သွားပါတယ်။

(ဇာတက၊ ၄၊ ၃၊ ၅၁။)

# သာမဏေကျော်

တပို့တွဲလပြည့်ကျော် ၇ ရက်၊ ၁၃၆၁ ခု။
၂၆၊ ၂၊ ၂၀၀၀။

http://www.dhammadownload.com

# ၂၀၀၀ ပြည့်နှစ်အတွင်းထုတ်ဝေခဲ့သည့် ပါရမီစာအုပ်များ

၉၃။ ဒေါက်တာမတင်ဝင်း — အလှရတနာသိုက်ဖွင့်လိုက်စမ်းမယ်
၉၄။ မာဂဓီ(သာစည်) — သံဝေဂကထာ
၉၅။ ဦးဖိုးကျား — ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ(တ)
၉၆။ ဒေါက်တာမတင်ဝင်း — လူငယ်များနှင့်စကားပြောခြင်း
၉၇။ မင်းပူးဦးသြဘာသ — မဟာဇနကဇာတ်တော်ကြီး
၉၈။ မစန္ဒာ — တိမ်ဖုံးပါလို့ လမသာ
၉၉။ စိန်စိန် — ခရီးဝင်ပေါ်
၁၀၀။ အရှင်ဇနကာဘိဝံသ — ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ
၁၀၁။ ဒေါက်တာမတင်ဝင်း — ကိုယ်ပဲလူကြီး ကိုယ်ပဲကလေး
၁၀၂။ ချစ်နိုင်(စိတ်ပညာ) — စက္ကန့်တိုင်းကိုစိန်စီထားတယ်
၁၀၃။ ဦးဖိုးကျား — အင်္ဂလောင်းတော်ကဿပ
၁၀၄။ ဒေါက်တာမတင်ဝင်း — လောကကိုဆရာတင်၍
၁၀၅။ ဒေါက်တာမတင်ဝင်း — မပျက်စီးအောင်ဒါတွေရှောင်
၁၀၆။ သုခ — သုခနှင့်သုခ
၁၀၇။ မလေးငြိမ် — လွန်မြောက်ခြင်းမှလွတ်မြောက်ခြင်းသို့ဒဿနအမြင်
၁၀၈။ ချစ်နိုင်(စိတ်ပညာ) — အောင်မြင်ခြင်းရွှေစည်းမျဉ်း
၁၀၉။ သာမဏေကျော် — မဟာစည်ဆရာတော်ကြီး၏အဆိုအမိန့်များ
၁၁၀။ ဒေါက်တာမတင်ဝင်း — အတွေးမိုးစက်များ
၁၁၁။ မစန္ဒာ — ဝတ္ထုတိုများ(၁)
၁၁၂။ ဦးဖိုးကျား — သာသနာပြုကိုယ်တော်ကလေးနှင့် သာသနာ့ရန်ဆူးရန်ငြောင့်
၁၁၃။ သာမဏေကျော် — နေမဝင်ခင် ရိက္ခာပြင်

http://www.dhammadownload.com

# ဆက်လက် ထုတ်ဝေမည့် ပါရမီစာအုပ်များ

| | |
|---|---|
| မာဂဓီ(သာစည်) | လူငယ်မျက်ရှု ယဉ်ကျေးမှု |
| သာမဏေကျော် | မဟာစည်ဆရာတော်၏ |
| | ထူးခြားသောအတွေးအမြင် |
| သာမဏေကျော် | ကြည်ညိုဖွယ်ရာ |
| | အရှင်သာရိပုတ္တရာ |
| သာမဏေကျော် | ဘုရားနှင့်စပ် အထူးမှတ်ဖွယ် |
| သာမဏေကျော် | နေမဝင်ခင် ရိက္ခာပြင် |
| သာမဏေကျော် | မဟာဂန္ဓာရုံ ဆရာတော်၏ |
| | နံနက်ခင်းဩဝါဒများ |
| ဦးဖိုးကျား | မြောက်ပိုင်းဗုဒ္ဓဘာသာ |
| | မဟာယနဂိုဏ်း |
| ဦးဖိုးကျား | သီပေါမင်းပါတော်မူ |
| | အရေးတော်ပုံ |
| ပါဠိပါရဂူဦးအောင်မိုး | ဓမ္မသေနာပတိ |
| | အရှင်သာရိပုတ္တရာ |
| သုခ | သဗ္ဗေသတ္တာ |
| မန်းတင် | မြို့ပိုင်မောင်ပြုံးချို |
| မန်းတင် | ကိုဖိုးလုံး |
| မောင်စူးစမ်း | စီးပွားရေးအတွေးအမြင် |
| သန်းဆွေ | ချစ်ထံတချာရှင် |
| တက္ကသိုလ်သျှင်သီရိ | ကံဇာတ်လမ်း ဉာဏ်ဖြတ်သန်း |
| | ချမ်းသာရွှေပြည်နန်း |

http://www.dhammadownload.com

| | |
|---|---|
| ဦးလှသိန်းထွဋ် | မြတ်ဗုဒ္ဓအဘိဓမ္မာနှင့် တာဝတိံသာ |
| ပန်းဒကာ ကိုတင်မြင့် | ဘာသာသွေး နွေးပါစေ |
| ဒေါက်တာမတင်ဝင်း | ကြည်စင်ပွင့်လင်းသော စိတ်အထာဖြင့် |
| ဒေါက်တာမတင်ဝင်း | လက်ဆင့်ကမ်းရတနာ |
| ဒေါက်တာမတင်ဝင်း | ပညာလိုရင်ပျိုမျစ်တယ် |
| ဒေါက်တာမတင်ဝင်း | ပုလဲတစ်လုံး ရွှဲတစ်လုံး |
| မစန္ဒာ | မစပ်သောငရုတ် |
| မစန္ဒာ | စိမ်းရွက်သစ်တဝေဝေ |
| မစန္ဒာ | ဝတ္ထုတိုများ(၁) |
| မစန္ဒာ | ဝတ္ထုတိုများ(၂) |
| မစန္ဒာ | ဝတ္ထုတိုများ(၃) |
| မစန္ဒာ | မဂ္ဂဇင်းဝတ္ထုရှည်များ(၂) |
| Rawe Htun | The Modern Buddhist Nun |
| Ma Sandar | Upstream and other stories |